ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (13-6-2008) (၅၇၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

ညှော်ခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ ညနေ ၆နာရီ ၄၅မိနစ်တွင် ရောက်ရှိလာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE က ကြိုဆိုနှုတ်ဆက်သည်။

ညှော်ခံပွဲတွင် အတွင်းရေးမှူး(၁)နှင့် တက်ရောက်လာသူများသည် နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည့်ခင်းညှော်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများ ဝေဿန္တရာဆေးရုံသင်္ဘောဖြင့် လပွတ္တာမြို့နယ်အတွင်း ကွင်းဆင်းကုသ

ရန်ကုန် ဇွန် ၁၂

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ ကူညီဆောင်ရွက်မှုတို့ဖြင့် ကျန်းမာရေးဦးစီးဌာနမှ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးနိုင် ခေါင်းဆောင်၍ စိတ်ကျန်းမာရေးဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးတို့သည် လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးဒဏ်ခံပြည်သူများအား ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ဝေဿန္တရာဆေးရုံသင်္ဘောဖြင့် ဇွန် ၉ ရက်တွင် ဘီတွတ်ကျေးရွာ၌ လူနာ ၃၆၄ ဦးတို့အား လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ကန်ဘက်ကျေးရွာ၌ လူနာစုစုပေါင်း ၅၀၇ ဦးတို့အား လည်းကောင်း ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပြီး အခြေခံကျန်းမာရေး ဝန်ထမ်းများကလည်း ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

"မြန်မာနိုင်ငံတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဘေးဆိုးကြီးကျရောက်ခဲ့မှုအပေါ် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရများနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စာနာထောက်ထားတဲ့ အကူအညီများ၊ ကျန်းမာရေးနဲ့ ပြန်လည်ထူထောင်ရေး အကူအညီများ ပေးအပ်နေသကဲ့သို့ အချို့သော ပြည်တွင်း၊ပြည်ပအင်အားစုများကမူ ကိုယ်ကျိုးအတ္တအတွက် နိုင်ငံရေးတိုက်ကွက်ဆင် အမြတ်ထုတ်ဖို့ ကြံစည်လုပ်ဆောင်နေမှုများကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့နေရပါတယ်။"

အောင်ဇေမင်း၏ "ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ မုန်တိုင်းလွန်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး"

(ဆောင်းပါး) စာမျက်နှာ-၆၊၇

လေဖိအားနည်းရပ်ဝန်း ပျက်ပြယ်

ရန်ကုန် ဇွန် ၁၂

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ကြေးမုံ The Mirror

၁၃-၆-၂၀၀၈
(သောကြာနေ့)

အရည်အသွေးကောင်း စပါးမျိုးများတိုးချဲ့စိုက်ပျိုး

သီးနှံအထွက်တိုးရေး နည်းလမ်းလေးသွယ်ဖြင့်ပေါင်းစပ်ဆောင်ရွက်

နိုင်ငံတော်အစိုးရက ဆန်စပါးစားသုံးမှု ဖူလုံပိုလျှံရေး၊ စားသုံးဆီ ဖူလုံရေးတို့ကို ရည်မှန်းဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးဆဲလယ်မြေများ၏ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရေး အစီအမံများကို ဒေသ၏ ရေမြေသဘာဝပေးမှုများနှင့်အညီ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးတွင် အဓိက လိုအပ်နေသည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို အခြေအနေပေးသော နယ်မြေဒေသတိုင်း၌ တည်ဆောက်ပေးထားရာ ယခုအခါ ဆည်တမံပေါင်း ၂၁၁ ခုတို့မှ ဆည်ရေများ ပေးဝေစိုက်ပျိုးနိုင်လျက်ရှိသည်။

တောင်သူလယ်သမားများက မိုးစပါးသာမက နွေစပါး၊ ဆီထွက်သီးနှံနှင့် သီးထပ်သီးညှပ်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။

ယခုအခါ မုတ်သုံမိုး ရွာသွန်းစပြုနေပြီဖြစ်ရာ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ရန် ထွန်ရေးငင် ထယ်ရေးပြင်နေကြသကဲ့သို့ အချို့ဒေသများ၌ နွေစပါးရိတ်သိမ်း ခြွေလှေ့သိုလှောင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေကြသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စိုက်ပျိုးကွင်း၌ ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးကွင်းပိတ်ရိတ်သိမ်းပွဲကို ဇွန်လ ၁၀ ရက်နေ့က ကျင်းပခဲ့သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးစပါး၊ နွေစပါးများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာမှုနှင့်အတူ အထွက်နှုန်း တိုးတက်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံလျက်ရှိသည်။

တောင်သူလယ်သမားများ အနေဖြင့် အထွက်နှုန်းကောင်းရုံသာမက အရည်အသွေးကောင်းသည့်စပါးမျိုးများကိုပါ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့အပြင် သီးနှံအထွက်တိုးရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံအလိုက်အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးစသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ပေါင်းစပ်စိုက်ပျိုးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က လယ်ယာကဏ္ဍထုတ်လုပ်မှု မြင့်မားရေးအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများက အရည်အသွေးကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီ စိုက်ပျိုးကြခြင်းဖြင့် စပါးနှင့်အခြားသီးနှံများ ပိုမိုတိုးတက်ထွက်ရှိလာမည် ဖြစ်ပါသည်။ ။

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၂

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှလှူဒါန်းသော ရေသန့်များ၊ ရွက်ဖျင်တဲများ၊ ပလတ်စတစ်လိပ်များ စုစုပေါင်း ၂၄ ဒသမ ၉၃၈ တန်သည် C-130 လေယာဉ်သုံးစင်းဖြင့် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၂၃ မိနစ်၊ နံနက် ၁၀ နာရီခွဲနှင့် မွန်းလွဲ ၁၂ နာရီ တစ်မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗန်ကောက်လေကြောင်းလိုင်းမှ လှူဒါန်းသော လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံ ၁၆၅ ထုပ်သည် PG-701 လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော ဆန်များ၊ ရေသန့်ဘူးများ၊ အဝတ်အထည်မျိုးစုံ ၂၀ ဒသမ ၀၉ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ နှင့် ညနေ ၄ နာရီ မိနစ် ၂၀ တို့တွင်လည်းကောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှ လှူဒါန်းသော ကျောင်းသားသုံး ကျောပိုးအိတ်များ ၁၆ ဒသမ ၂၄၈ တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက်ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှလှူဒါန်းသော ကျောင်းသားသုံး ကျောပိုးအိတ်များ၊ ၂၆ ဂါလန်ဆံ့ ပလတ်စတစ်ရေဘူးများ စုစုပေါင်း ၃၅ ဒသမ ၄၂၄ တန်သည် AN -12လေယာဉ်နှင့် IL-76 လေယာဉ်နှစ်စင်းဖြင့် ညနေ ၃ နာရီ မိနစ် ၅၀ နှင့် ညနေ ၅ နာရီတို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေဝတီတိုင်းအတွင်းရှိ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ လမ်းတစ်လျှောက် လမ်းတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံးသို့ရောက်ရှိရာ ဖျာပုံခရိုင် အင်ဂျင်နီယာမှူး ဦးစိုးမြင့်က ခရိုင်အတွင်းရှိ လမ်းများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လေဘေးသင့်ဒေသများသို့ စဉ်ဆက်မပြတ်သွားလာသော ယာဉ်တန်းများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် တွံတေး-ကော့မှူး-ကွမ်းခြံကုန်း - ဒေးဒရဲ - ဖျာပုံ - ဘိုကလေး လက်ရှိလမ်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ တွံတေးကြိုးတံတား၊ ဒေးဒရဲတံတား၊ ဖျာပုံတံတားများ၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းအမြဲမပြတ် စစ်ဆေးပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံ-ဘိုကလေး လမ်းတစ်လျှောက် လမ်းတံတား ပြုပြင်ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ် အင်ဂျင်နီယာရုံး၌ မုန်တိုင်းဒဏ် ပြင်းထန်စွာ ခံခဲ့ရသည့် ဒေသနှင့်နီးစပ်ဆက်စပ်သည့် ဒေသတစ်လျှောက် လမ်းသစ်ဖောက်လုပ်မည့် အစီအစဉ်၊ ကြိုတင်ကာကွယ်ထားရှိရမည့် အခြေအနေနှင့် လမ်းအူကြောင်းများကို အင်ဂျင်နီယာချုပ် ဦးစိုးတင့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝဘေးအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းပေးနိုင်မည့်လုပ်ငန်းစီမံချက်များရေးဆွဲ၍ အမြန်အကောင်အထည်ဖော်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့မှ ဇက်ရေယာဉ်ဖြင့် သာပေါင်းကျေးရွာသို့ ရောက်ရှိပြီး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၆) လမ်းစခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်မည့် အစီအစဉ် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့်စက်ယာဉ်ယန္တရားများရောက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒေသခံ ရပ်မိရပ်ဖများက ဒေသအခြေအနေနှင့် တွေ့ကြုံခဲ့ရသည့် သဘာဝဘေးအန္တရာယ်များကိုလည်းကောင်း အသီးသီး တင်ပြကြရာ ဝန်ကြီးက ဆက်သွယ်ရေးလမ်းသစ်များကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးရွာနေပြည်သူများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း လမ်းသစ်ဖောက်လုပ်ရေး၊ သာပေါင်း ရွှေ့တန်းရုံးလုပ်ငန်းခွင်၌ ရောက်ရှိနေသော စက်ယာဉ်ယန္တရားများရောက်ရှိမှု အခြေအနေ၊ လမ်းသစ်ဖောက်လုပ်မည့် လမ်းကြောင်း အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွမ်းခြံကုန်းမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအတွက် FARMER PHOYARZAR CO., LTD မှ EXECUTIVE DIRECTOR ဦးမျိုးထွေးက အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဇွန် ၂၈ ရက်တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေး တက်ရောက်ကြရမည့် ဗဟိုဦးစီးအဖွဲ့ဝင်များသည် ဇွန် ၂၇ ရက်တွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ ဖွင့်လှစ်ထားသည့် ကိုယ်စားလှယ်စိစစ်ရေး လုပ်ငန်းကော်မတီသို့ ရုံးချိန်အတွင်း သတင်းပို့ရန်ဖြစ်သည်။

အစည်းအဝေးကို တစ်ရက်တည်း ကျင်းပမည်ဖြစ်၍ ရန်ကုန်မှ ဗဟိုဦးစီးအဖွဲ့ဝင်များသည်အစည်းအဝေးသို့ မိမိနေအိမ်မှ တက်ရောက်ကြရန်ဖြစ်ပြီး နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင်များသည် မိမိအစီအစဉ်ဖြင့် တည်းခိုကြရန်ဖြစ်သည်။အစည်းအဝေးဖိတ်ကြားစာများကို ဗဟိုဦးစီးအဖွဲ့ဝင်များထံ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များ၊ စာရေးဆရာဆရာဝန်များနှင့် အနုပညာရှင်များက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျိုက်ကလဲကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများ တိုင်းဧ ရွှေ့လျားဆေးရုံသင်္ဘောဖြင့် မြင်းကကုန်းကျေးရွာသို့ ကွင်းဆင်းကုသ

ရန်ကုန် ဇွန် ၁၂

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ ကူညီဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ဘိုကလေးပြည်သူ့ဆေးရုံတွင် လေဘေးသင့်ပြည်သူများအား သမားတော်ကြီး ဒေါက်တာသိန်းညွန့် ဦးဆောင်သော အထူးကုဆရာဝန်များ အဖွဲ့က အခမဲ့ကြည့်ရှုကုသပေးရာ ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် ဆေးရုံဝန်ထမ်းများက ဝိုင်းဝန်း ကူညီပေးကြသည်။ ထို့အတူ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဆရာမ ဒေါ်အေးအောင်နှင့် အဖွဲ့ကလည်း လူနာများအား မြန်မာ့တိုင်းရင်းဆေးနည်းဖြင့် ကုသပေးကြသည်။

ဧရာဝတီတိုင်း ဘိုကလေးမြို့တွင် ရောက်ရှိနေသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းဇော်ဦး ခေါင်းဆောင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် တိုင်းဧ ရွှေ့လျားဆေးရုံသင်္ဘောဖြင့် ဇွန် ၈ ရက်တွင် ဘိုကလေးမြို့မှ မြင်းကကုန်းကျေးရွာသို့ ထွက်ခွာသွားကြပြီး နံနက်ပိုင်းတွင် ကျေးရွာရှိ လေဘေးသင့် လူနာ ၂၆၂ ဦးတို့အား အထူးကုဆရာဝန်ကြီးဒေါက်တာမင်းဇော်ဦး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော်ဇောဝင်း၊ ကလေးအထူးကု ဆရာဝန် ဒေါက်တာသက်စံမျိုးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ထွန်းနေအောင် တို့က ရောဂါအမျိုးအစားအလိုက် စမ်းသပ်ကုသပေးကြပြီး လူနာများအတွက် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆေးရုံသင်္ဘောအဖွဲ့နှင့်အတူ ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေးဝန်ထမ်းများက ကလေးများအား မေးခိုင်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပိုလီယိုရောဂါကာကွယ်ဆေးများကို တိုက်ကျွေးခြင်းနှင့် ကျေးရွာတွင်းရှိပြည်သူများအတွက် သောက်သုံးရေများ သန့်ရှင်းစေရန် ကလိုရင်းဆေး ခတ်နည်းများကို သင်ကြားပြသပေးကြပြီး ရေသန့်ဆေးပြားများကို ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးခင်စိုး	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
(ခ) ဦးသာဦး	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေး

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ၌ တိုင်းဧ ဆေးရုံသင်္ဘောဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ငါလုပ်သမျှဒုက္ခ ငါဖြုတ်မှ သုခရမည်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀ - ၂း၀၀	Regional Handicrafts
၈း၄၅ - ၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀ - ၂း၅၀	မြို့ပြအတွင်းနေထိုင်မှုပုံဟန်
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	အဖိုးတန်သော သဘာဝသယံဇာတမြေ ဟူးကောင်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (EFR Rubber Rolling)
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	မမေ့နိုင်စရာ---ရှမ်းရိုးရာအစားအစာ
၁၀း၄၀ - ၄း၄၀	နယ်ဥဆန်းတွင် သစ်သီးအလှဆင် (မာလကာသီး)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	လေ့လာသင်ယူစရာ ဟိုတယ်ပညာ
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	လူတိုင်းအတွက် ရှေးဦးသူနာပြု (အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ)
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	""ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း"" ထောက်ကြန့်ကလေးပြုစုရေးဌာန
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (တင့်တင့်ထွန်းနှင့်တွေ့ဆုံခြင်း)
၁၂း၅၅ - ၆း၅၅	""ကွက်လပ်ဖြည့်ပါ"" (ထွန်းထွန်း၊ရဲလေး၊သက်အောင်၊ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊သဇင်၊ဒေါ်တင်တင်လှ) (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-7 တို့တွင် ရေနံတွင်းများကို 4th Drilling Campaign အဖြစ် ရေနံတွင်းတူးစက် Jackup Drilling Rig "West Ariel" ဖြင့် ဇွန် ၁၈ရက်မှ ဩဂုတ် ၁၈ရက်ခန့်အထိ ရေနံရှာဖွေ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

4th Drilling Campaign အဖြစ် တူးဖော်မည့်ရေနံတွင်းများ၏ တည်နေရာများမှာ လုပ်ကွက်အမှတ် M-3 Location M-3-002 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၃၈. ၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၄. ၂စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၃၈. ၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၀မိနစ် ၄၄. ၁စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ် ၃၄. ၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၀မိနစ် ၄၄. ၁စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ် ၃၄. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၄. ၂စက္ကန့်တွင်လည်းကောင်း၊ Location M-3-064 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၄မိနစ် ၃၇. ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄မိနစ် ၂၃. ၆စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၄မိနစ် ၃၇. ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၃. ၄စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၁မိနစ် ၃၃. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၃. ၄စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၁ မိနစ် ၃၃. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄မိနစ် ၂၃. ၆စက္ကန့်တွင်လည်းကောင်း၊ လုပ်ကွက်အမှတ် M-7 Location M-7-001 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၀မိနစ် ၄၂. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၄၁. ၈စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၀မိနစ် ၄၂. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၉မိနစ် ၄၄. ၉စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၇မိနစ် ၃၆. ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၉မိနစ် ၄၄. ၉စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၇မိနစ် ၃၆. ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၄၁. ၈စက္ကန့်အတွင်းတွင်လည်းကောင်း၊ လုပ်ကွက်အမှတ် M-7 Location M-7-006 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၀မိနစ် ၃၉. ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၅၉. ၁စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၀မိနစ် ၃၉. ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၈မိနစ် ၀၉. ၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၀၇မိနစ် ၃၅. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈မိနစ် ၀၉. ၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၀၇ မိနစ် ၃၅. ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၅၉. ၁ စက္ကန့်အတွင်းတွင်လည်းကောင်း၊ Individual Location of Well တွင်Point WC-M3-002 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၂မိနစ် ၀၆. ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၉မိနစ် ၀၉. ၁စက္ကန့်၊ Point WC-M3-064 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၀၅. ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၅မိနစ် ၅၈. ၄စက္ကန့်၊ Point WC-M7-001 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၉မိနစ် ၀၈. ၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၈မိနစ်၁၀. ၅စက္ကန့်နှင့် Point WC-M7-006 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၀၉ မိနစ် ၀၇. ၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၃၄. ၁စက္ကန့်အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-7 တွင် ရေနံတွင်းတူးစက် West Ariel ဖြင့် ရေနံတွင်းများကို 4th Drilling Campaign အဖြစ် တူးဖော်စမ်းသပ်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းစင်များနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

လေဘေးသင့်ရေလုပ်သားများအား မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ပံ့ပိုးရန်စာရင်းကောက်ယူမှုများစတင်

ရန်ကုန် ဇွန် ၁၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့်ခံရသည့် ရေလုပ်သားများ၏ လုပ်ငန်းထိခိုက်မှုနှင့် ပျက်စီးမှုများကို သိရှိနိုင်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာများသို့ အဖွဲ့လေးဖွဲ့ခွဲပြီး ယနေ့နံနက်မှ စတင်ကာ ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမြင့်စိုးက ပြောကြားသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် စာရင်းကောက်ယူရေးအဖွဲ့က မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ခံရသည့် ကျေးရွာများဖြစ်သော နတ်မူး၊ ကျားချောင်း၊ လင်းဆွဲမဲဇလီ၊ ရှောက်ချောင်းနှင့် ကြက်လျှာစသည့် ကျေးရွာများမှ ရေလုပ်သားများ၏ လုပ်ငန်းသုံးငါးဖမ်း ကိရိယာများ ပျက်စီးမှုစာရင်းကို ကောက်ယူပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အမြန်ဆုံး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးမှတ်တမ်းမြင်ကွင်း

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မိမိတို့ သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ စွမ်းအားစုသုံးရပ်၏ လက်တွဲညီညာစွာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဇွန် ၇ ရက် နံနက် ပိုင်းတွင် ဒေးဒရဲမြို့သို့ ရောက်ရှိခဲ့ကြသည်။

မိမိတို့ မြို့အဝင်သို့ ရောက်သည်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်း ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုပေးနေသည့် ဒေးဒရဲတံတားကြီးက ငွားငွားစွင့်စွင့်ဖြင့် ဆီးကြိုနေသည်။

ဤသည်မှာ မြန်မာပြည်မြောက်ဖျားမှ တောင်ဖျားသို့၊ အရှေ့မှ အနောက်သို့ အချိန်တိုအတွင်း ဒေသတစ်ခုနှင့်တစ်ခု ကူးလူးယှက်နွယ် ဆက်သွယ်သွားလာနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင်ကြီးမားစွာလမ်းညွှန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် သမိုင်းမော်ကွန်း ပြယုဂ်တစ်ခုပင်။

ဤသို့ဖြင့် မည်သည့်ခေတ်နှင့်မျှ မတူအောင် ကိုယ့်ခွန်ကိုယ့်အားဖြင့်သာ ဧရာဝတီတိုင်းအတွင်းရှိလမ်း၊ တံတားများကို ပန်းအလား ဖူးပွင့်စေနိုင်ခဲ့၍လည်း မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသီးသီး၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အချိန်တိုကာလအတွင်း ရုန်းထနိုင်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရပေမည်။

ဒေးဒရဲတံတားကြီးမှ မြို့အတွင်း မျှော်ကြည့်မိသော် မုန်တိုင်း၏ဒဏ်ရာဒဏ်ချက်များမှာ ပျောက်ကင်းစပြုချေပြီ။ သာသနာ့ဗိမာန်နှင့်သာသနိကအဆောက်အအုံများ၊ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ လူနေအိမ်များ အပါအဝင် အဆောက်အအုံများမှာ သွပ်ရောင် တပြောင်ပြောင်ဖြင့် မုန်တိုင်းကြားမှ နိုးထနိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် မြို့ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "မိမိတို့မြို့နယ်၏ အကျယ်အဝန်းမှာ (၄၀၁ ဒသမ ၇၁၄) စတုရန်းမိုင်၊ ရပ်ကွက် (၃)ခု၊ ကျေးရွာအုပ်စု (၉၀) စုစုပေါင်း ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း (၉၃)ခုရှိပြီး လူဦးရေ (၂၁၁၃၅၃)ဦး ရှိကြောင်း၊ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများကို မြို့ပေါ်တွင် (၁၈)ခု၊ ကျေးရွာအုပ်စုများတွင် (၁)ခု စုစုပေါင်း (၁၉)ခု ဖွင့်လှစ်ထားရှိခဲ့ပြီး လေဘေးသင့် ပြည်သူ (၄၇၂၀) အား ကဏ္ဍအလိုက် ထောက်ပံ့ပေးခဲ့ကြောင်း၊ ဇွန် (၃) ရက်အထိ ဒေးဒရဲမြို့ပေါ်၌ စခန်း (၁)ခု၊ ကျုံဒါးကျေးရွာ၌ (၁)ခု စုစုပေါင်း စခန်း(၂)ခုသာ ကျန်ရှိပြီး လေဘေးသင့်ပြည်သူ (၂၅၈)ဦးသာ ကျန်ရှိတော့ကြောင်း၊ မေ ၂၀ ရက်မှစ၍ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း"ဖြင့် ရှင်းပြသည်။

ယင်းနောက် "လေဘေးသင့်ပြည်သူများအား ဆန်တန်ချိန် (၄၉၉ ဒသမ ၂၀) တန်နှင့် အခြားပစ္စည်း (၇၆၄) တန်တို့ကို ဖြန့်ဝေထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေးဒရဲမြို့နယ်အတွင်း ပြိုကျ အိမ်ခြေ (၃၄၂၀၂)လုံး အနက် (၂၈၄၃၅)လုံး ပြုပြင်ပြီးဖြစ်ကြောင်း၊ အမိုးလန်အိမ်ခြေ (၈၅၉၃)လုံးကိုလည်း အားလုံးပြုပြင်ပြီးဖြစ်ကြောင်း၊ တန်ဖိုးနည်းအိမ်ရာ (၅၉၅၀) လုံး ဆောက်လုပ်ပေးရန် စီစဉ်ထားကြောင်း"ဖြင့် ပြောကြားသည်။

ထို့နောက် "မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ဆန်စက် (၂၀) ကို ရာနှုန်းပြည့် ပြုပြင်နိုင်ခဲ့ပြီး ဆန်စက်ငယ် (၂၅၉) လုံးအနက် (၁၂၅)လုံးကို ပြုပြင်နိုင်ခဲ့ကာ ကျန်ရှိသည်များကို ဆက်လက်ပြုပြင်နေကြောင်း၊ ယခု ၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ပျိုးရာသီတွင် (၁၈၂၁၄၃)ဧက စိုက်ပျိုးရန် လျာထားရာ လယ်ယာ(၂၂) တစ်ဘီးမောင်း၊ လယ်ယာ(၁၆)နှင့် ရော(၁) လက်တွန်းထွန်စက်များ ပံ့ပိုးပေးခဲ့ပြီး မျိုးစပါးများ၊ ကျွဲ၊ နွားများကို ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှေ၊ကျားပိုက်၊ မျှောပိုက်နှင့် ဘဝင်းပိုက်များကို ဖြန့်ဝေပေးရန်စီစဉ်လျက်ရှိကြောင်း"ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "ဒေင်ကုမ္ပဏီ Farmer Phoyarzar Co., Ltd. အပါအဝင် နိုင်ငံသားကုမ္ပဏီများကလည်း ကျောင်းများ၊ ရုံးများ၊ သာသနိက အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း" ဖြင့် ပြောကြားသည်။

ဤသည်တို့မှာ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအပေါ် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးကူညီ တည်ဆောက်ပြုပြင် ဆောင်ရွက်မှု တစ်စိတ်တစ်ဒေသ မြင်ကွင်းအချို့ပင် ဖြစ်ပေသည်။

ဒေးဒရဲမြို့နယ် ကျေးရွာများ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများတွင် ဆောက်လုပ်ပေးမည့် လေဘေးသင့် မိသားစုများအတွက် တန်ဖိုးနည်း အိမ်ရာနမူနာကို တွေ့ရစဉ်။

ဒေးဒရဲမြို့နယ်ရှိ လေဘေးသင့် ကျေးရွာများတွင် အသုံးပြုရန်အတွက်လယ်ယာသုံး စက်ကိရိယာများ ရောက်ရှိ လာစဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

မုန်တိုင်းသင့် ပြည်သူများအတွက် ငွေနှင့် ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၂

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ နေပြည်တော်ရှိ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၅၈၇၉၅၇၀ နှင့် ငွေကျပ် ၁၄၇၄၅၅၉၀ တန်ဖိုးရှိ ဆန် ၅၀၇ အိတ်၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် စားသောက် ကုန်ပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေ ၅၃၀၆၆၆၆ ကျပ် တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၂၃၀၅၄၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃၅၇၅၃၂၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၆၉၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၁၅ သိန်း အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၃၇၃၇၇၃၈၆ ကျပ်ဖြစ်ရာ ဇွန် ၁၂ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂၂၁၄၇၀၁၄၄၆ ရှိပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကျန်းမာရေး စောင့်ရှောက်

ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများက လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးစဉ်။
(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်
လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

ဒေးဒရဲမြို့နယ်ရှိ ဆူးကလပ်ကျေးရွာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်စဉ်။
(သတင်းစဉ်)

ဒေးဒရဲမြို့နယ်၌ လျှပ်စစ်မီးတိုင်များ စိုက်ထူနေစဉ်။
(သတင်းစဉ်)

ပြန်လည် ပြုပြင်

ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင် ပြီးစီးမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ICRC တို့ ပူးပေါင်း၍ သန့်စင်ထားသော ရေအိတ်များကို ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဖြန့်ဝေရန် စီစဉ်ထားရှိစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ မုန်တိုင်းလွန်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး

အောင်ဇေမင်း

မြန်မာနိုင်ငံတွင် အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေး ဦးတည်ချက်ဖြင့် အမျိုးသားညီလာခံကြီးက အချိန်ယူရေးဆွဲ ချမှတ်ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲ ပေးခွင့်ရှိသူဦးရေရဲ့ (၉၈ ဒသမ ၁၂)ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့ကြပြီး ဆန္ဒမဲပေးသူစုစုပေါင်းရဲ့ (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းတို့ တစ်ခဲနက်ထောက်ခံ အတည်ပြုခဲ့တဲ့အတွက် မြန်မာပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေးအောင်ပွဲ ဖြစ်ပါတယ်။

ဒီကနေ့လို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဘေးဆိုးကြီး ကျရောက်ခဲ့ပါသဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ပြည်သူအများ သေဆုံးခဲ့ရမှု၊ အနာဒဏ်ရာရမှု၊ အိုးမဲ့အိမ်မဲ့ဖြစ်မှုများစွာ ကြုံကြရပါတယ်။ လူမှုအခြေခံအဆောက်အအုံများလည်း ပျက်စီးဆုတ်ယုတ်သွားခဲ့ရပါတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အစိုးရဝန်ကြီးချုပ်နဲ့ ဝန်ကြီးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ အပူတပြင်းကွင်းဆင်းကြီးကြပ်ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ နေ့မအား ညမနား ပြန်လည်ထူထောင်လျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်လည်း သွားရောက်ကွင်းဆင်းကြည့်ရှုအားပေးပြီး ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ယှဉ်တွဲပြီး ယခင်အခြေအနေထက် ပိုမိုသာလွန်တိုးတက်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြန်လည်ထူထောင်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အသေးစိတ် လုပ်ဆောင်ရမယ့် လုပ်ငန်းများအထိ စနစ်တကျ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းစီမံပေးခဲ့ပါတယ်။

ကုလသမဂ္ဂနဲ့ နိုင်ငံတကာမှ စာနာမှုအထောက်အပံ့များ၊ အကူအညီများလည်း စုပြုံရောက်ရှိလာတဲ့အတွက် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ပေးမှုကြောင့် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများရဲ့ လာရောက်လှူဒါန်းသောပစ္စည်းများ၊ အထောက်အပံ့များ၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများကိုလည်း လေဘေးဒုက္ခသည်များ ရရှိနေကြပြီဖြစ်ပါတယ်။

လေဘေးသင့်ဒုက္ခသည်များသို့ ရဟန်းရှင်လူပြည်သူတို့ မည်သူမဆို မိမိတို့ သွားရောက်လှူဒါန်းလိုသောဒေသနဲ့ လူပုဂ္ဂိုလ်များကို လွတ်လပ်စွာ သွားရောက်လှူဒါန်းလျက်ရှိနေပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနဲ့ အဖွဲ့လည်း ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းကြည့်ရှုပြီး လေဘေးသင့်ပြည်သူအချို့ကို တွေ့ဆုံအားပေးခဲ့ပါတယ်။

ဒ့ါအပြင် ကုလသမဂ္ဂနဲ့ အာဆီယံတို့ ပူးပေါင်းကမကထပြုသော လေဘေးသင့်ပြည်သူများသို့ နိုင်ငံတကာမှ ငွေကြေးအကူအညီများနဲ့ အခြားအကူအညီများ ကတိကဝတ်ပြုတဲ့ညီလာခံကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပပေးခဲ့ပါတယ်။ ဒီညီလာခံသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် သက်ဆိုင်ရာဝန်ကြီးအချို့ တက်ရောက်ခဲ့ပါတယ်။

အဆိုပါညီလာခံသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes၊ အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Surin Pitsuwan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အီဂျစ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လာအို၊ လူဇင်ဘတ်၊ မလေးရှား၊ နီပေါ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ရုရှား၊ ဆားဘီးယား၊ စင်ကာပူ၊ ဆလိုဗေးနီးယား၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ထိုင်း၊ တူရကီ၊ ဗြိတိန်၊ ယူကရိန်း၊ နိုင်ဂျီးရီးယား၊ ဘရာဇီး၊ စပိန်၊ ဟန်ဂေရီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံ စုစုပေါင်း ၅၁နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အထူးကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် EU, UNFPA, WHO, FAO, UNICEF, UNHCR, UNODC, WFP, ILO, UNDP, UNOPS, UNIC, IOM, IFRC, ICRC, WORLD BANK, ADB, UNAIDS, UNESCO, UN-Habitat, UNHQ, OCHA, WMO, MBC စသည့် နိုင်ငံတကာအဖွဲ့အစည်း စုစုပေါင်း ၂၄ ခုနှင့် အကူအညီပေးရေး မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ညွန့်ပေါင်းအဖွဲ့ (Myanmar Business Coalition on AIDs)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြတယ်။

ဒါတွေဟာ မြန်မာနိုင်ငံအစိုးရရဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ တံခါးဖွင့် ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အကူအညီများ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအစိုးရက နိုင်ငံတကာအကူအညီ လက်မခံဘူးဆိုတာဟာ လုံးဝမမှန်ပါဘူး။

ဒါပေမယ့် အခုလို နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဒုက္ခဘေး ကျရောက်မှုကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံအခြေအနေများကို ပုံမှန်အနေအထား ပြန်ရောက်အောင် အတော်ပင် ပြန်လည်ထူထောင်ယူရဦးမယ် ဖြစ်ပါတယ်။

လူ့သမိုင်းတွင် လူသားတို့ ဖန်တီးသော စစ်ပွဲကြီးငယ်များ၊ ဆူပူအကြမ်းဖက်မှုများဟာလည်း လူ့အဖွဲ့အစည်းရဲ့ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလဆိုတဲ့ ဗလငါးတန်ကိုသာ ထိခိုက်ဆုတ်ယုတ်စေပြီး လူယဉ်ကျေးရေးခေတ်ကို နောက်ပြန်သာဆုတ်စေပါတယ်။ တိုးတက်တော်လှန်သောပစ္စည်းများ၊ ပညာအလင်းရောင်များကို ပျက်စီးစေပါတယ်။ အလားတူပင် ပြည်သူတို့ စီးပွားပျက်ပြီး ချွတ်ခြုံကျစေရန် စီးပွားရေးပိတ်ဆို့အရေးယူမှုများ၊ လူသားချင်း စာနာထောက်ထားတဲ့အကူအညီ ဖြတ်တောက်မှုများဟာလည်း လူ့မှုဘဝရဲ့ အဖျက်ပိုင်းများသာဖြစ်ပါတယ်။

ကမ္ဘာကြီးရဲ့ သက်တမ်းတစ်လျှောက်မှာ စစ်ပွဲပေါင်း သောင်းချီဖြစ်ပွားခဲ့ဖူးပြီး တစ်ဝက်ကျော်ဟာ ဥရောပမြေပြင်မှာ ဖြစ်ပွားခဲ့တယ်။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ပွဲကြီး နှစ်ခုစလုံးဟာ ဥရောပက စတင်ခဲ့တာချည်းဖြစ်ပါတယ်။ နယ်ချဲ့ပဋိပက္ခစစ်ပွဲကြီးတွေ ဖြစ်ပါတယ်။ ပထမကမ္ဘာစစ်မှာ ကမ္ဘာ့လူသား(၁၀)သန်း၊ ဒုတိယကမ္ဘာစစ်မှာ ကမ္ဘာ့လူသားသန်း(၆၀)သေဆုံးခဲ့ရပြီး မြို့ရွာအိုးအိမ်များ၊ စက်ရုံ၊အလုပ်ရုံများ ပါဝင်တဲ့ အခြေခံလူမှုအဆောက်အအုံတွေ ကြေမွပြာကျခဲ့ရပါတယ်။ ဒီအပေါ် လူမှုသိပ္ပံရှုထောင့်က ကောက်ချက်တစ်ခု ဆွဲကြည့်လိုပါတယ်။

လူဟာ သေမျိုးသေမျိုးလို့ပြောနေကြပေမယ့် ဘာကြောင့် လူပေါ်စကနေပြီး လူဟာ သေပျောက်ပျောက်မသွားတဲ့အပြင် အရေအတွက်အရရော၊ အရည်အချင်းအရပါ အကန့်အသတ်မရှိ များပြားတိုးတက်နေပါသလဲ။ အရေအတွက်အရ လူပေါ်ခါစအရေအတွက် အနည်းငယ်ကနေပြီး ဒီကနေ့သန်းပေါင်း(ရှစ်ထောင်)ကျော်အထိ များပြားလာခဲ့ပါပြီ။ အရည်အချင်းအရလည်း လူဟာ လူပေါ်စရွှံ့ခေတ်၊ ကျောက်ခေတ်ကနေပြီး ဒီကနေ့ အီလက်ထရွန်နစ်နည်းပညာခေတ် လူသားအဆင့်ကိုရောက်နေပါပြီ။ ဒါကြောင့် လူသားဟာ သဘာဝဘေးဆိုး၊ ကပ်ဆိုးများ၊ လူသားတို့ဖန်တီးသော စစ်ပွဲကြီးငယ်များကို အကြိမ်ကြိမ် ကြုံခဲ့ကြရသော်လည်း ဘာကြောင့် ဒီသဘာဝဘေးဆိုး၊ ကပ်ဆိုးတွေ၊ စစ်ပွဲကြီးငယ်တွေကို လွန်မြောက်လာနိုင်သလဲဆိုရင် လူဟာ အသိအလိမ္မာဉာဏ်ပညာကို အသုံးပြုနိုင်လို့ဖြစ်တယ်။ လူဟာသက်ရှိသတ္တလောကတွင် အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်တယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် လူသားဟာ သဘာဝတရားအပေါ် အကြွင်းမဲ့ အောင်နိုင်စိုးမိုးမလာနိုင်သေးသော်လည်း တစ်စတစ်စ အောင်နိုင်စိုးမိုးလာနေတာဟာအမှန်ပင်ဖြစ်ပါတယ်။ ဒီကနေ့ကမ္ဘာကြီးဟာ ရေကြောမြေကြောတွေကို ချုံ့လိုက်သလို ကမ္ဘာ့ရွာအဖြစ်ကိုပင် ကူးပြောင်းလာနေလို့ဖြစ်ပါတယ်။ လူသားတို့ဖန်တီးတဲ့ စစ်ပွဲကြီးငယ်တွေ၊ ဆူပူအကြမ်းဖက်မှုတွေကိုလည်း ငြိမ်းချမ်းရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဘက်သို့ တဖြည်းဖြည်း ပြောင်းလဲလာနိုင်ပြီဖြစ်ပါတယ်။

တစ်ချိန်က ဥရောပက အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပေါ်တူဂီ၊ အမေရိကန် စတဲ့ နယ်ချဲ့နိုင်ငံ ဒါဇင်ဝက်လောက်တို့က ကမ္ဘာမြေပြင်ရဲ့ ၇၇ ရာခိုင်နှုန်း၊ ကမ္ဘာလူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းကို အင်အားသုံး ကျူးကျော်ကျွန်ပြုခဲ့ပါတယ်။ ဒီကနေ့မှာတော့ နိုင်ငံအသီးသီးတို့ဟာ ကိုလိုနီ သူ့ကျွန်ဘဝအောက်က လွတ်မြောက်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးလာနိုင်ခဲ့ပါပြီ။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံပေါင်း(၁၉၂)နိုင်ငံတို့ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်နေကြပါပြီ။ တန်းတူရည်တူ ရပ်တည်လာနိုင်ခဲ့ပါပြီ။ ဒါပေမယ့် ကမ္ဘာကြီးတွင် ကိုလိုနီလက်သစ်ဝါဒနဲ့ အင်အားသုံးဗိုလ်ကျစိုးမိုးရေးဝါဒ ကျန်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် **နိုင်ငံတကာတွင် နိုင်ငံကြီးအချို့ရဲ့ မတရားဝင်ရောက်စွက်ဖက်မှု၊ မလိုတမျိုး လိုတမျိုး တစ်ဖက်သတ် အကျပ်ကိုင် ဖိအားပေးမှု၊ ကုလသမဂ္ဂပဋိညာဉ်ကိုဖောက်ဖျက်ပြီး အင်အားသုံး ကျူးကျော်ဝင်ရောက်မှု၊ စစ်အင်အားသုံး အနိုင်ကျင့်ဖြေရှင်းမှု၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချပြီး တစ်ဖက်သတ် ဩဇာအာဏာတည်ဆောက်မှုအချို့ကို နိုင်ငံတကာပြည်သူတို့ ကြုံနေရဆဲဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာ့ပြည်သူတို့ သဘာဝ ဘေးဆိုးကပ်ဆိုးများကို တိုက်ဖျက်ကာကွယ်သွားရမှာဖြစ်သလို အဲဒီလို ကိုလိုနီပြုရေး၊ အင်အားသုံး ဗိုလ်ကျစိုးမိုးရေးဝါဒများကိုလည်း တိုက်ဖျက်ကာကွယ်သွားရမည်မှာလည်း အမှန်ပင်ဖြစ်ပါတယ်။**

ဒီကနေ့လိုမြန်မာနိုင်ငံတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဘေးဆိုးကြီး ကျရောက်ခဲ့မှုအပေါ် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရများနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ စာနာထောက်ထားတဲ့ အကူအညီများ၊ ကျန်းမာရေးနဲ့ ပြန်လည်ထူထောင်ရေးအကူအညီများ ပေးအပ်နေသကဲ့သို့ အချို့သောပြည်တွင်း၊ပြည်ပအင်အားစုများကမူ ကိုယ်ကျိုးအတ္တအတွက် နိုင်ငံရေးတိုက်ကွက်ဆင်အမြတ်ထုတ်ဖို့ ကြံစည်လုပ်ဆောင်နေမှုများကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့နေရပါတယ်။
အခုလိုကာလမျိုးမှာ မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတို့အဖို့ နိုင်ငံတကာကူညီပံ့ပိုးမှုများစွာလိုအပ်နေပါတယ်။ နိုင်ငံတကာကူညီပံ့ပိုးမှုများကိုလည်း ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

နိုင်ငံတကာတွင် နိုင်ငံကြီးအချို့ရဲ့ မတရားဝင်ရောက်စွက်ဖက်မှု၊ မလိုတမျိုး လိုတမျိုး တစ်ဖက်သတ်အကျပ်ကိုင် ဖိအားပေးမှု၊ ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ပြီး အင်အားသုံး ကျူးကျော်ဝင်ရောက်မှု၊ စစ်အင်အားသုံး အနိုင်ကျင့်ဖြေရှင်းမှု၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချပြီး တစ်ဖက်သတ် ဩဇာအာဏာတည်ဆောက်မှုအချို့ကို နိုင်ငံတကာပြည်သူတို့ ကြုံနေရဆဲဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာ့ပြည်သူတို့ သဘာဝ ဘေးဆိုးကပ်ဆိုးများကို တိုက်ဖျက်ကာကွယ်သွားရမှာဖြစ်သလို အဲဒီလို ကိုလိုနီပြုရေး၊ အင်အားသုံး ဗိုလ်ကျစိုးမိုးရေး ဝါဒများကိုလည်း တိုက်ဖျက်ကာကွယ်သွားရမည်မှာလည်း အမှန်ပင်ဖြစ်ပါတယ်။

▲ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒါပေမယ့် ဆေးထက် ဘေးဖြစ်မယ့်ကူညီမှုများ၊ မရိုးမသားဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ ကူညီမှုများကိုတော့ ကာကွယ်သွားရမယ်သာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မေလ ၁၀ ရက် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကျင်းပဖို့ တစ်ရက်နှစ်ရက်အလိုမှာ အနောက်သတင်းဌာနတစ်ခုက မြန်မာနိုင်ငံသို့ တိုက်ခတ်သွားတဲ့မုန်တိုင်းထက် တစ်ဆ၊ နှစ်ဆပြင်းတဲ့ မုန်တိုင်းကြီးတစ်ခု ပြန်လာနေတယ်လို့ ထုတ်လွှင့်ခဲ့ပါတယ်။ ဒီသတင်းမမှန်ကြောင်း မြန်မာမိုးလေဝသဌာနက သတင်းစာများတွင် ရှင်းလင်းဖော်ပြခဲ့ရပါတယ်။ ဘာကြောင့်အခုလို ပြည်သူတွေတုန်လှုပ်ချောက်ချားအောင် အဲဒီအနောက်သတင်းဌာနက ထုတ်လွှင့်ခဲ့သလဲဆိုရင် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကြီးသို့ ပြည်သူတွေမသွားရဲအောင်၊ ပြည်လုံးကျွတ်လူထု ဆန္ဒခံယူပွဲကြီး ပျက်ပြားအောင် ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့တဲ့ ဘေးဒုက္ခကို အခွင့်ကောင်းယူပြီး နိုင်ငံရေးတိုက်ကွက်ဆင်ခဲ့တာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးတွင် သဘာဝဘေးအန္တရာယ် ကျရောက်သော ရန်ကုန်တိုင်းအတွင်း မြို့နယ် ၄၀နှင့် ဧရာဝတီတိုင်းအတွင်း ခုနစ်မြို့နယ်ချန်လှပ်ပြီး မေလ ၁၀ ရက်တွင် ကျင်းပခဲ့တဲ့ ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံမဲ ၉၂ ဒသမ ၄ ရာခိုင်နှုန်း တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ပြီး ဖြစ်သော်လည်းကျန်ရှိနေတဲ့ သဘာဝဘေး အန္တရာယ်ကျရောက်သော မြို့နယ် ၄၇ မြို့နယ်က ပြည်သူများ ဆန္ဒပြုခွင့်အခွင့်အရေး မဆုံးရှုံးစေရန် လူထုဆန္ဒခံယူပွဲကို မေလ ၂၄ ရက်က ကျင်းပပေးခဲ့မှုအပေါ်တွင်လည်း အနောက်သတင်းဌာနများနဲ့ အပေါင်းပါတို့က တပ်မတော် အစိုးရဟာ ပြည်သူတွေ ဒုက္ခရောက်နေမှုကိုကူညီရေးထက် အာဏာတည်မြဲရေးသာ ဦးစားပေး လုပ်ဆောင်နေတယ်လို့ နိုင်ငံတော်အစိုးရအပေါ် ပြည်တွင်း၊ ပြည်ပက ပြည်သူတွေ အထင်မှား အမြင်မှားဖြစ်လာအောင် ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီလို အနောက်သတင်းဌာနတွေနဲ့ ပူးပေါင်း ကြံစည်နေတဲ့ ပြည်တွင်း အင်အားစုအချို့လည်း ရှိနေပါတယ်။ ဒ့ါအပြင် **အနောက်နိုင်ငံက စစ်သင်္ဘောကြီးတွေနဲ့ မြန်မာ့လေဘေးဒုက္ခသည်တွေကို ကယ်ဆယ်ထောက်ပံ့ဖို့ စောင့်နေပေမယ့် မြန်မာတပ်မတော်အစိုးရက ဝင်ခွင့်မပြုတဲ့အတွက် ဝင်ခွင့်မရဖြစ်နေပါတယ်ဆိုပြီး ပြည်တွင်းအင်အားစုအချို့နဲ့ အနောက်သတင်းဌာနတွေက ပြောဆိုထုတ်လွှင့်မှုတွေလည်း ရှိနေပါသေးတယ်။ ဘယ်နိုင်ငံကအကူအညီကိုမဆို ဝမ်းသာအားရ ကြိုဆိုလက်ခံပေးပို့နေပါရက်နဲ့ စစ်သင်္ဘောကြီးတွေနဲ့မှ မြန်မာပြည်တွင်းကို ဝင်ရောက်ကူညီလိုပါတယ်ဆိုတဲ့အနောက်နိုင်ငံကြီးရဲ့ စေတနာဟာ ဘယ်လိုမှ မရိုးသားဘူးဆိုတာအလွန် ထင်ရှားလှပါတယ်။ မြန်မာနိုင်ငံစီးပွားပျက်စေရန် စီးပွားရေးပိတ်ဆို့ အရေးယူမှု၊ နိုင်ငံတကာငွေကြေးအဖွဲ့ များက အတိုးနည်းချေးငွေများ ဖြတ်တောက်မှု၊ လူသားချင်းစာနာ ထောက်ထားတဲ့ အကူအညီများဖြတ်တောက်မှု၊ မြန်မာ့အရေးကို ပုံကြီးချဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူအောင် လုပ် ဆောင်မှုတွေကို တစ်ဖက်သတ်ကျင့်သုံးနေတဲ့ နိုင်ငံတွေရဲ့လှုံ့ဆော်မှု နောက်က နှောင်ကြိုးတွေရှိနေတာကိုအစဉ်သတိပြုကြဖို့လိုပါတယ်။**

ကုလသမဂ္ဂနဲ့ နိုင်ငံတကာအကူအညီများနဲ့ ပတ်သက်လို့ မေလ ၂၅ရက်နေ့တွင်ကျင်းပခဲ့တဲ့ ကုလသမဂ္ဂနဲ့ အာဆီယံနိုင်ငံတို့ ပူးတွဲ ကမကထပြုလုပ်သော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုတဲ့ ညီလာခံအဖွင့်မိန့်ခွန်းမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အခုလို ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

"မြန်မာနိုင်ငံလေဘေးဒုက္ခကျရောက်ခံစားနေရသူများအတွက် ထောက်ပံ့ကူညီပေးမည့်ပစ္စည်းများကို ပေးပို့ကူညီမည်ဆိုပါက မိမိတို့အနေဖြင့် ကုန်းကြောင်းလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတို့မှ တစ်ဆင့်ဝင်ရောက်ခွင့်ပြုမှာဖြစ်ပါတယ်။ သို့သော်လည်း ရေကြောင်းလမ်းမှပေးပို့ကူညီလိုသည့် ပစ္စည်းများအတွက် အရပ်ဘက်သင်္ဘောဖြင့်သာလျှင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ကြရန်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားလိုပါတယ်။"

ဒီခွင့်ပြုချက်နဲ့အညီသာ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာနဲ့ ကုလသမဂ္ဂတို့က မြန်မာ့လေဘေးဒုက္ခသည်များအတွက် ပူးပေါင်းဆောင်ရွက်မှု၊ ကူညီထောက်ပံ့မှုတွေလုပ်ကိုင်နေတာဖြစ်ပါတယ်။ အိမ်ရှင်နိုင်ငံက ကျင့်သုံးတဲ့မူဝါဒစည်းမျဉ်းတွေကို ဖောက်ဖျက်ကူညီဖို့ ဘယ်လိုမှ မကြိုးပမ်းသင့်ပါ။ ဒါဟာ နိုင်ငံတကာဆက်ဆံရေး ကျင့်ဝတ်လည်းဖြစ်တယ်။ အပြန်အလှန်လေးစားလိုက်နာရမယ့်မူလည်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ရက်ပိုင်းကလည်း အနောက်သတင်းဌာနအချို့က ဆိုင်ကလုန်းမုန်တိုင်းပြီးခါစမှာ မြန်မာတပ်မတော်အစိုးရဟာ သေဆုံးသူစာရင်းကိုနှစ်သောင်းကျော်လို့ကြေညာခဲ့ပြီး နှစ်ပတ်ကြာလာတဲ့အခါ ခုနစ်သောင်းကျော်သေဆုံးတယ်လို့ကြေညာလာတာဟာ မြန်မာတပ်မတော်အစိုးရရဲ့ ကယ်ဆယ်ရေးလုပ်ငန်းများနှေးကွေးတဲ့အတွက် အခုလိုဒုက္ခသည်တွေ သေဆုံးရတာဖြစ်တယ်လို့ လုပ်ကြံဖန်တီး ထုတ်လွှင့်ခဲ့ပြန်ပါတယ်။

အမှန်က မုန်တိုင်းပြီးခါစမှရရှိတဲ့သေဆုံးမှုစာရင်းဟာ မုန်တိုင်းဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးတွေ ပိတ်ဆို့ပြတ်တောက်နေချိန်မှာရတဲ့အတွက် မပြည့်စုံနိုင်ပါဘူး။ နောက်မှလမ်းပန်းဆက်သွယ်ရေးပြန်ရတဲ့အချိန်မှာ သတင်းမှန်ရလာတဲ့အတွက် သေဆုံးစာရင်းများလာတာဖြစ်ပါတယ်။ တရုတ်ပြည်မှာလည်း မြေငလျင်ဘေးကျရောက်ပြီး ပထမဆုံးထုတ်ပြန်တဲ့သတင်းမှာ အသေအပျောက်စာရင်းနည်းနေပြီး နောက်ပိုင်းတဖြည်းဖြည်းရလာတဲ့သတင်းက ပြည့်စုံလာတဲ့အတွက် အသေအပျောက်စာရင်း များလာတာဖြစ်တယ်။ အခုလို အသေအပျောက်စာရင်းများလာရတာဟာ နောက်ထပ်သေဆုံးမှုကြောင့်မဟုတ်ဘဲ သေဆုံးစာရင်းတွေ အတိအကျရလာလို့သာဖြစ်တယ်ဆိုတာကို သိပါရက်နဲ့ တရုတ်ပြည်အစိုးရကိုတော့မဝေဖန်ဘဲ မြန်မာအစိုးရကျမှ လုပ်ကြံအပြစ်ပုံချဝေဖန်တိုက်ခိုက်နေတာဟာ သဘာဝဘေးဒုက္ခကျရောက်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံရေးတိုက်ကွက်ဆင်မှုတစ်ရပ်သာဖြစ်တယ်ဆိုတာကို သိသာပါတယ်။

အနောက်ဩဇာခံ သတင်းဌာနအချို့ရဲ့ အကြောင်းကိုသာပြောရမယ်ဆိုရင် ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလိုပါပဲ။ ဒါကြောင့် မြန်မာပြည်ဖွားတိုင်းရင်းသားတွေအဖို့ အခုလိုအချိန်အခါမျိုးမှာ မိမိတို့အကျိုးစီးပွားကို မိမိတို့တည်ဆောက်ကြရသလို မိမိတို့အန္တရာယ်တွေကိုလည်း မိမိတို့ကာကွယ်သွားရ မယ်သာဖြစ်ပါတယ်။ ဒါကြောင့်ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ (သဘာဝဘေးဆိုး) မုန်တိုင်းလွန်ကာလ ငြိမ်းချမ်းစွာခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်မျိုးသားလုံးတစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းသွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည်တင်ပြလိုက်ရပါတယ်။ ။

လေဖိအားနည်းရပ်ဝန်း အားပျော့ ပျက်ပြယ်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၂

ယနေ့နံနက် ၉နာရီခွဲ အချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင်ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၈ ဒသမ ၇၈ လက်မ၊ ဗန်းမော်မြို့တွင် ၅ ဒသမ ၉၈ လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ပူတာအိုမြို့ တွင် ၃ ဒသမ ၀၇ လက်မ၊ ကန့်ဘလူမြို့တွင် ၂ ဒသမ ၇၁ လက်မနှင့် ရွှေကျင်မြို့တွင် ၂ ဒသမ ၂၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆပ်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အများအားဖြင့်အားအသင့်အတင့်ရှိနေသည်။

ဇွန်လ ၁၃ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ဒသမ၂ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်) ၁၁-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ဒသမ၇ဒီဂရီစင်တီဂရိတ် (၇၅ဒီဂရီဖာရင်ဟိုက်) ၁၂-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၁၂-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၆ ဒသမ ၀) နာရီခန့် ၁၁-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၂-၆-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ

၁-၁-၂၀၀၈ မှ ယနေ့အထိ

၈၈၃ မမ(၃၄ဒသမ၇၆လက်မ) ၁၀၄၃မမ (၄၁ ဒသမ ၀၆ လက် မ) ၁၃၄၆မမ (၅၂ ဒသမ ၉၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၆-၂၀၀၈ နေ့ ၁၁း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ (၄)မိုင်နှုန်း တိုက်ခတ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရှုစားကြီး ဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒိုးဒိုးဒေါက်ဒေါက် ဘုန်ဘောက်(အပိုင်း-၇)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း အဖြူရောင်မြေ မင်းသမီးလေး (အပိုင်း-၂၀)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မိုးကုတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနီချောင်း ရေလျှံ၍ မြေပြိုမှုဖြစ်ပွား

နေပြည်တော် ဇွန် ၁၂

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့တွင် ဇွန် ၁၁ရက် သန်းခေါင်ယံအချိန်မှ ဇွန်၁၂ရက် နံနက်၆နာရီအထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုးကုတ်မြို့ရှိ ရေနီချောင်းရေလျှံ၍ မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အလွတ်တန်း ဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

ဒုတိယအကြိမ် အလွတ်တန်းဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲကို (၃၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာ ကွပ်ကဲမှုရုံးတွင် ဇူလိုင် ၅ရက်(စနေနေ့)မှ စတင်ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇူလိုင် ၃ ရက်နောက်ဆုံးထား၍ (ရွက်စိမ်းကဖေး) လောပိတလမ်း (၃၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် လာရောက် စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းကွင်း)တွင်လည်း စုံစမ်းနိုင်ကြောင်းသိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

ဓာတ်အားလိုင်းများ သွယ်တန်းချိတ်ဆက်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၉ ရက်တွင် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ 33 KV ဓာတ်အားလိုင်းအထွက် ဖီဒါများနှင့် ဓာတ်အားပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ဓာတ်အားပို့လွှတ်ခြင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့နယ်များသို့ ချိတ်ဆက် သွယ်တန်းသည့် ဓာတ်အားလိုင်း တိုင်အသစ် အစားထိုး စိုက်ထူခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာခွဲရုံ(၂)မှ ထန်းတပင်မြို့နယ်သို့ ချိတ်ဆက်သည့် 11 KV ဓာတ်အားလိုင်း တိုင်အသစ်အစားထိုး စိုက်ထူခြင်း၊ လိုင်းကြိုးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုအခြေအနေ၊ ရုံးအဆောက်အအုံအမိုး ပျက်စီးမှုနှင့်ပြုပြင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဒလမြို့နယ်အတွင်း ဓာတ်အားလိုင်းများ ချိတ်ဆက်ဓာတ်အားပို့ လွှတ်မှုအခြေအနေများနှင့် ဒလ-တွံတေး 33 KVဓာတ်အားလိုင်းအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များသို့ ချိတ်ဆက်သည့် 33 KV ဓာတ်အားလိုင်းတိုင်များ လဲကျပျက်စီးမှုနှင့် မီးရထားသံလမ်းတိုင်များဖြင့် အစားထိုးတပ်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအခြေအနေ၊မြို့နယ်ရုံးအတွင်း ဓာတ်အားလိုင်းကြိုးနှင့်ကြွေသီးပစ္စည်းအပောင်းများဆယ်တင်သိမ်းဆည်းထားရှိမှုအခြေအနေများ၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ် အကြား 33KV လိုင်းတိုင်ထူ/ ကြိုးဆွဲခြင်း လုပ်ငန်းအခြေအနေများနှင့် ဒေးဒရဲမြို့နယ်ရှိ 33/11 KV (1250KVA) ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း အခြေအနေများနှင့် ဒီဇယ်သုံးမီးစက်ဖြင့် ဒေးဒရဲမြို့အား လျှပ်စစ်မီးပေးလျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲမြို့နယ် လျှပ်စစ်မှူးရုံး၌ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့နယ်များ 33KVဓာတ်အားလိုင်းတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒေးဒရဲမြို့နယ်အတွင်း 11 KV ဓာတ်အားလိုင်းတိုင် ၂၈တိုင်နှင့် ၄၀၀ V လိုင်းတိုင် ၅၂ တိုင် အသစ်စိုက် ထူပြီးစီးမှုနှင့် ဓာတ်အားလိုင်း သွယ်တန်း ချိတ်ဆက်ထားရှိမှု၊ ဒေးဒရဲနှင့် ကွမ်းခြံကုန်းမြို့နယ် ကားလမ်းမတစ်လျှောက် 33KV ဓာတ်အားလိုင်းတိုင်များ အစားထိုးတည်ဆောက်ခြင်း လုပ်ငန်း၊ ကွမ်းခြံကုန်းမြို့နယ် အဝင်လမ်း တိုင်ထူ/ ကြိုးဆွဲခြင်းလုပ်ငန်းများကို ယာဉ်/ စက်ယန္တရားများအသုံးပြု၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များမှ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများဖြင့် ပူးပေါင်းဖော်ဆောင်နေမှုများ၊ ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော်စံပြကျေးရွာ တစ်ဝိုက်၌ သံလက်တန်းနှင့် ကြွေသီးများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဝန်ထမ်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီးထောက်ပံ့ငွေများပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မဓာဝီလမ်းနေ ဦးအုန်း မောင်နှင့် ဇနီးဒေါ်သန်းဌေး မိသားစုက ဇမ္ဗူအေးတိုက်အတွင်းရှိ သဒ္ဓမ္မဝါစီ ဟသ်ာတပရိယတ္တိစာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန်နှင့် သုံးထပ် ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ပညာသီရိထံ လှူဒါန်းရာ သာသနာနုဂ္ဂဟသဟပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် ဘဏ္ဍာရေးမှူး မုံရွာ ဆရာမိုးတို့ လက်ခံရယူစဉ်။

(၆၇)

လေဘေးရန်ပုံငွေ ပန်းချီပြပွဲ ခင်းကျင်းပြသမည်

ရန်ကုန် ဇွန် ၁၂

သရဖူမဂ္ဂဇင်း၊ ဖြူးတီးမဂ္ဂဇင်းနှင့် စာပေလောက အမှတ်-၁တို့၏ ကမကထပြုမှုဖြင့် မေ ၂ရက်နှင့် ၃ ရက်တို့တွင် ကျရောက်ခဲ့သော မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူမှုရေးအထောက်အကူပြု ရန်ပုံငွေအဖြစ် ပန်းချီပြပွဲတစ်ရပ်ကို ဇွန်၁၄ ရက်နှင့်၁၅ရက်တို့တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ် ဂျေအက်စ်ဖာနီဗယ်၌ ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် မဂ္ဂဇင်းနှင့် သရုပ်ဖော်ပန်းချီ ဆရာ၊ ဆရာမ ၁၀၀ကျော်တို့၏ လက်ရာပန်းချီကား ၂၀၀ ကျော်ကို ခင်းကျင်းပြသထားပြီး ပန်းချီကား ရောင်းရငွေများမှ လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းသွားမည်ဟုသိရသည်။ ပြပွဲတွင် ပြသထားသည့် ပန်းချီကားများတွင် ပန်းချီ အနုပညာရှင်အသီးသီးမှ ရေးဆွဲတင်သွင်းပြသသော လေမုန်တိုင်းဆိုင်ရာ ခံစားမှုမှတ်တမ်းတင်ပန်းချီကား ၅၀ ရာခိုင်နှုန်းကျော် ပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ပန်းချီအနုပညာပြခန်းအသီးသီးမှ ပါဝင်ပူးပေါင်းပြသသည့် နာမည်ကျော်ပန်းချီအနုပညာရှင်များ၏လက်ရာများကိုလည်း တစုတစည်းတည်း ရှုမြင်ရမည်ဖြစ်ကာ မူရင်းဈေးနှုန်းများထက် လျှော့ပေါ့သတ်မှတ် ရောင်းချပြီး ရောင်းချရငွေများထဲမှ အနုပညာကြေးများကို လေဘေး ကယ်ဆယ်ရေး ရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(ကြေးမုံ)

မုန်တိုင်းသင့်ဒေသများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၂

မုန်တိုင်းသင့် ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာ ဌာနသို့ ဇွန် ၁၁ ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသည့် အလှူရှင်များမှာ ဦးမြင့်ဝေနှင့် ဒေါ်ယဉ်ယဉ်မွန် မိသားစု ကြည့်မြင်တိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ပလက်ဝမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)က ငွေကျပ်တစ်သိန်း၊ 'အောင်စစ်သည်' ပခုက္ကူ-မြင်းခြံ မော်တော်ယာဉ်လိုင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်သန်းနှင့် ဒေါ်ညွန့်ရီ မိသားစု(သုခဝတီဆန်စက်) အင်းစိန်က ငွေကျပ် ငါးသိန်း၊ Future Communication, TODAY Group (လှိုင်မြို့နယ်)က ငွေကျပ်သိန်း ၄၀၊ ဦးလှထွန်း(မေတ္တာရိပ်မွန်-ကင်ဆာဖောင်ဒေးရှင်း) HOSPICE က ငွေကျပ်၁၀သိန်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၈) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ် ၁၀ သိန်း၊ VAN- SHI FAZHAO Golden Pagoda Buddhist Tample က ငွေကျပ် သိန်း၂၀၀၊ Myanmar Embassy, Hanoi, Vietnam မှတစ်ဆင့် လက်ခံ ရရှိငွေ ယူရိုငွေ ၁၁၂၅၇၇ ဒသမ ၃၄၊ Embassy of the Union of Myanmar, Beijing မှ တစ်ဆင့် လက်ခံရရှိငွေ ယူရိုငွေ ၂၇၈၉၆၈ ဒသမ ၁၀ တို့ဖြစ်သည်။

ဇွန် ၁၁ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၂၆၈ သိန်းနှင့် ယူရိုငွေ ၃၉၁၅၄၅ ဒသမ ၄၄ တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။

(ဘဏ္ဍာ/အခွန်)

ကျန်းမာရေးစောင့်ရှောက်

ရောဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းတွင် ဂျပန်ဆေး အကာအကွယ်ပေးရေးအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းခတ်တပ်နယ်ရှိ တပ်နယ်မိသားစုများ မိုင်းယန်းမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက် ၈ နာရီတွင် မိုင်းခတ်မြို့ မိုင်းခတ်တပ်နယ်ရှိ စိုးငြိမ်းအေးခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ စစ်သည်မိသားစုဝင်များထံ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းခတ်-မိုင်းယန်း ကားလမ်းဘေး ဝဲ၊ ယာရှိ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ထားရှိမှုများ၊ ပြောင်းခင်းများ၊ ဆီထွက်သီးနှံ စိုက်ခင်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မိုင်းယန်းမြို့သို့ ရောက်ရှိပြီး မိုင်းယန်းမြို့နယ် အားကစားရုံ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက မိုင်းယန်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မိုင်းယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဝတ်စုံများ၊ မီးသတ်တပ်ဖွဲ့ ဝတ်စုံများ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် မိုင်းယန်း ဒေသအတွက် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော် အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်း မခွဲခြားဘဲ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာအပြည့်အဝဖြင့်လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ မိုင်းယန်းဒေသသည် ယခုအခါ လမ်းများကောင်းမွန်ပြီး ဆက်သွယ်ရေးများ ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရ၏စေတနာကို အကျိုးရှိရှိ အသုံးချတတ်၍ စိုက်ပျိုးရေး အပါအဝင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် အရှိန်အဟုန်မြှင့်၍ ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း တာဝန်ကျရာနေရာဒေသ၌ မိမိတို့ ထမ်းဆောင်ရသည့် တာဝန်များကို စေတနာအပြည့်ထား၍ ကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် လက်တွေ့ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကွန်ပျူတာစက်တစ်လုံးကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုင်းယန်းတပ်နယ်ခန်းမ၌ မိုင်းယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယန်းခိုင်ကျေးရွာရှိ တောင်သူ ဦးရည်သန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် ကြံခုနစ်ဧက စိုက်ခင်းကိုလည်းကောင်း၊ မိုင်းယန်းမြို့နယ် ကွင်းအမှတ်ရပ်ကွက် (၂)ရှိ တောင်သူ ဦးအိုက်ကျန် စိုက်ပျိုးထားသော ဖြစ်ထွန်းအောင်မြင်နေသည့် ပဲပုပ် ၁ ဒသမ ၅ ဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပဲပုပ်အပြင် အခြားဆီထွက်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းယန်းမြို့နယ်ရှိ တောင်သူ ဦးအိုက်ကျန် စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ ရွှေဖုံးမှ

ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းခြင်း၊ သောက်သုံးရေများ ကလိုရင်းဆေးခတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ဓာတ်ဆားထုပ် ပေးဝေခြင်းများနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းများ လုပ်ဆောင်ကြသည်။ ရွှေပြည်သာကျေးရွာ၊ ကြာကန်ကျေးရွာနှင့် ပကိတ်ဝ ကျေးရွာများသို့လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်သွားရောက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှကြိုင်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များက ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှင့် မန္တလေးတိုင်း သဘင်ပညာရှင်များ အစည်းအရုံးတို့မှ ကြီးကြပ်၍ လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး လေဘေးသင့်ပြည်သူများအတွက် အလှူငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးနှင့် မန္တလေးတိုင်း သဘင်ပညာရှင်များ အစည်းအရုံးတို့မှကြီးကြပ်၍ လေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာန၌ကျင်းပရာ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးက ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်း သဘင်ပညာရှင်များ အစည်းအရုံး ကြီးကြပ်မှုကော်မတီက ငွေကျပ်ခုနစ်သိန်း၊ မော်လမြိုင်မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ်ငါးသိန်း၊ ကျောက်ပန်းတောင်း မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးက ငွေကျပ် သုံးသိန်းသုံးသောင်း၊ မုံရွာမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ စစ်ကိုင်းမြို့နယ်သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ ပြည်မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ထားဝယ်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးက ငွေကျပ်တစ်သိန်း၊ မိတ္ထီလာမြို့နယ်သဘင်ပညာရှင်များအစည်းအရုံးက ငွေကျပ်ငါးသောင်း၊ မြန်မာ့သဘင်အလှဆင်မည့်သူများမင်းသားလေးများအဖွဲ့(မန္တလေး)က ငွေကျပ် ၈၀၁၀၀၀၀ တို့ကို မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် သဘင်ပညာရှင်များကပေးအပ်ကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးက လေဘေးသင့်ပြည်သူများအတွက် ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၂သိန်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နေရာဟောင်း) စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးခင်မောင်ငွေက အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်တစ်ဦးလျှင်ငွေကျပ်၁၁၀၀၀၊ အထက် တန်းအဆင့် တစ်ဦးလျှင် ငွေကျပ်၉၀၀၀၊အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၊ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ဖြင့် ကျောင်းသား၊ကျောင်းသူ ၈၁၇ ဦး တို့အတွက် ငွေကျပ် ၅၇၄၁၀၀၀ ကို သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဆိုပြိုင်ပွဲ
၇း၅၀	၅။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၆။	**“ကွက်လပ်ဖြည့်ပါ” (ထွန်းထွန်း၊ ဖြိုးမောင်မောင်၊ သက်အောင်၊ ရဲလေး၊ မိုးပြည့်ပြည့်မောင်၊ သဇင်)**
၈း၂၀	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News.
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၀	၃။	လက်ဆင့်ကမ်းပေးဂီတတေး
၄း၃၀	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၂၅	၇။	**“ကြိုဆိုလျက်ပါ” (နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်၊ ငှက်ပျောကြော်၊ သင်ဇာဝင့်ကျော်၊ မင်းထက်ကျော်ဇင်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
၅း၃၅	၈။	တေးဂီတအစီအစဉ်
၅း၄၅	၉။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ကော်ဖီချစ်သူ” (အပိုင်း-၄)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား’ (အပိုင်း-၂)**
	၁၈။	အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ်အတွင်းရှိ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ဇွန် ၉ ရက်တွင် ဒေးဒရဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ကျေးရွာများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဝန်ကြီးသည် ဇွန် ၁၀ ရက်တွင် တော်ကမယ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ တင်း ၂၀၀ ကျ ဆန်စက် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် လည်ပတ်နေမှုကိုလည်းကောင်း၊ ဒေင်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော တွဲဖက်အထက်တန်းကျောင်း ပြန်လည်တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုပြီး ကျောင်းစာသင်ခုံနှင့် စာရေးစားပွဲများ ပြန်လည်ပြုပြင်ရန် အတွက်ထောက်ပံ့ငွေများပေးအပ်သည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ကျေးရွာ သောက်သုံးရေကန် တူးဖော်ပြီးစီးမှု အခြေအနေကိုကြည့်ရှုပြီး ကျေးရွာ ဘုန်းကြီးကျောင်း ပုပ္ဖာရုံ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုသလအား ဖူးမြော်ကြည်ညို၍ ဘုန်းကြီးကျောင်းပြုပြင်ရန် သွပ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ကျောင်းဆောင်များကို ကြည့်ရှုကာ ပြန်လည်ပြုပြင်နိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျေးလက်ဆေးပေးခန်း ပျက်စီးနေမှုအခြေအနေကိုကြည့်ရှုပြီး ပြန်လည်ပြုပြင်ရန်အတွက် သွပ်နှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။



ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့ မြို့နယ်အားကစားကွင်း၌ လေဘေးသင့်ကျေးရွာရှိ လယ်ယာမြေ ဖော်ထုတ်ရေးတွင်အသုံးပြုရန် ထပ်မံ ရောက်ရှိလာသော လက်တွန်း ထွန်စက် အစီး ၁၇၀ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်သို့ အချိန်မီပေးပို့နိုင်ရေး မှာကြားဖြည့်ဆည်းပေးသည်။ ယခင်ရောက်ရှိပြီး လက်တွန်းထွန်စက် ၁၇၆ စီးကို တောင်သူလယ်သမားများအသုံးပြုရန် လုပ်ငန်းခွင်အရောက် ပေးပို့ပြီးဖြစ်ကြောင်းနှင့် ယခုထပ်မံ ရောက်ရှိလာသော လက်တွန်း ထွန်စက် အစီး ၁၇၀ ကို တောင်သူလယ်သမားများ လက်ဝယ်သို့အရောက် ပေးပို့သွားမည်ဖြစ်သည်။

ဒေးဒရဲမြို့နယ်အတွင်း လယ်ယာ စိုက်ပျိုးရန် မြေ ဧက ၁၈၂၁၂၄ ဒသမ ၆ ဧကရှိပြီး ယနေ့အချိန် အထိ လက်တွန်း ထွန်စက်ဖြင့် ၂၀၃၀၈ ဧက၊ ကျွဲ၊ နွားဖြင့် ၉၁၃၄ ဧက စုစုပေါင်း ၂၉၄၄၂ ဧက ထွန်ယက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် တော်ကမယ် ကျေးရွာတွင် လေဘေးသင့်ခံရသော အိမ်များ ပြန်လည် ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ ရေငန်တားတာများ အင်တိုက်အားတိုက်ပြင်ဆင်နေ မိုးစပါးရာသီ စွမ်းအားပြည့်စိုက်ပျိုးနိုင်မည်

ရန်ကုန် ဇွန် ၁၂

လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လပွတ္တာမြို့နယ်ရှိ လပွတ္တာမြောက်ကျွန်း၊ လပွတ္တာတောင်ကျွန်း၊ ဘီတွက်ကျွန်း အပိုင်း(၁)၊(၂)၊(၃)၊(၄)နှင့် ငပုတောမြို့နယ်ရှိ အလယ်ကျွန်းအပိုင်း(၁)(၂)(၃)ရေငန်တားတာများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်လျက်ရှိပြီး ယခုအခါ လပွတ္တာမြောက်ကျွန်း၊ လပွတ္တာတောင်ကျွန်းနှင့် ဘီတွက်ကျွန်း အပိုင်း(၄)စုစုပေါင်း သုံးနေရာတို့မှာ ပြင်ဆင်ပြီးသွားပြီဖြစ်သဖြင့် လယ်မြေဧက ၃၈၉၉၇ တို့မှာ ယခုနှစ်မိုးစပါး ရာသီတွင် စွမ်းအားပြည့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ကျန်ရေငန်တားတာများမှာလည်း မကြာမီ ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေလှောင်ကန် စနစ်တကျထားရှိ

ဧရာဝတီတိုင်း ပြင်စလူမြို့ ကယ်ဆယ်ရေးစခန်းတွင် ရေသန့်စက်ဖြင့် တပ်ဆင်အသုံးပြုနိုင်ရန် ရေလှောင်ကန်များ စနစ်တကျ ထားရှိပေးစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၁၀၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၀၉)ကိုထုတ်ဝေဖြန့်ချိလိုက်သည်။

ချမ်းမြဆောင် (ကလော)၊ အောင်ထွန်းလင်း(ချောက်)၊ ဇာနည်၊ ညောင်ရွှေ ခင်မောင်မြ၊ မြတ်ဘုန်း(တပ်ကုန်း)၊ လူမွန်(ပခုက္ကူ)၊ ပျဉ်းမနား မြင့်လှိုင်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မောင်သာချစ်(ဝက်လက်)၊ မောင်ထက်မွန် (ရေစကြို)၊ မင်းသက်ခိုင် (ဝက်လာ)၊ လှကွန်းနိုင်(ရွှေမြင်တင်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ စစ်ကိုင်းစိမ်းစိမ်း၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၊ နေဝင်းသန်း (ရွှေဘို)၊ ခရီးသည် (ရိုးပြတ်တော)၊ တက္ကသိုလ်စိုးယဉ်၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ မောင်ဝင်းရည်၊ ပန်းတနော်-နောင်လတ်၊ ကိုသက်(ဇီးကုန်း)၊ သီဂီနွယ်၊ ခနုတ်ဟိဏ်းဇော်၊ မောင်မောင်ကျော့(ပလက်ဝ)၊ စေတနာလှိုင် (ရေစကြို)၊ သက်သက်သင်း (ပညာရေး)၊ မမြတ်လေး၊ နိုင်ဝေဝေဇံ၊ ထားမြတ်မာ(မြန်မာစာ)၊ ကျော်မင်းညွန့် (လှည်းကူး)၊ ကျွန်းစဉ်မြေ-စောခက်၊ ထွေးကြည် (သလ္လာမြေ)၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ မောင်အောင်မြင့် (ညောင်ဦး)၊ စိမ်းသော်၊ အဝါ(ဇီးကုန်း)၊ ဘွင်းဘွင်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ကာတွန်း၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောခေလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၅၃၂ နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သမ္မတနှင့် သွင်ရုံ၌ ဟော့ရှော့ ဇာတ်ကား ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇွန် ၁၂

ဇွန် ၁၃ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် **'ဟော့ရှော့'** ဟာသ ဇာတ်ကားတစ်ကားတည်း သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် အမေရိကန်သမ္မတအောဘရာဟင်လင်ကွန်း လုပ်ကြံခံရသည့် သတင်းအချက်အလက်များ နေ့စဉ်မှတ်တမ်းမှ ပျောက်ဆုံးမှုကို ရှာဖွေကြသူတို့၏ စွန့်စားခန်းများကို ဇာတ်လမ်းဆင်ထားသည့် National Treasure Book of Secrets ဇာတ်ကားပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီး သရုပ်ဆောင်မင်းသား နစ်ကိုလပ်စ်ကေ့ဂျ်ပါဝင်သရုပ်ဆောင်ထားသည်။

ရှေ့ဆောင်ရုံတွင် ပြင်ပကမ္ဘာမှ ထူးဆန်းသောသတ္တဝါများနှင့် ဂြိုဟ်သားများကမ္ဘာမြေပြင်ပေါ်တွင် တိုက်ခိုက်ကြပုံကို ရိုက်ကူးထားသည့် Aliens VS. Predator; Requi em ဇာတ်ကားပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ကွန်ဖူးပညာ အသားပေးဇာတ်ကြမ်းကားဖြစ်သည့် The Forbidden Kingdom ဇာတ်ကားပြသမည် ဖြစ်သည်။

(ကြေးမုံ)

ဟော့ရှော့

ပြသဆဲ ဟော့ရှော့ဇာတ်ကားမှ သက်မွန်မြင့်နှင့် သင်ဇာဝင့်ကျော်တို့၏ ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။

အမေရိကန်မှ အမဲသားဆက်လက်တင်ပို့မည့် အစီအစဉ် တောင်ကိုရီးယားပြည်သူတစ်သိန်းခန့် ဆန့်ကျင်ကန့်ကွက်

ဆိုးလ် ဇွန် ၁၁

အလံများကိုင်ဆောင် ဝေ့ယမ်းကြသည့် တောင်ကိုရီးယား ပြည်သူတစ်သိန်းခန့်သည် ဖယောင်းတိုင်များ ထွန်းညှိကိုင်ဆောင်ကာ ဆိုးလ်မြို့လယ်တွင် ချီတက်ကြပြီး အမေရိကန်ပြည်ထောင်စုမှ အမဲသား ဆက်လက် တင်ပို့မည့် အစီအစဉ်ကို အကြီးအကျယ် မကျေမနပ်ဖြစ်ကြကာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ တောင်ကိုရီးယား ရဲတပ်ဖွဲ့က သမ္မတရုံးကို အဆီးအတားများဖြင့် ကာရန်ထားပြီး စောင့်ရှောက်လျက်ရှိကြသည်။

ဆန္ဒပြသူများက အမဲသားတင်ပို့မှုကိစ္စအပေါ် ပြန်လည်ညှိနှိုင်းရန် အော်ဟစ်တောင်းဆိုကြသည်။ ရဲတပ်ဖွဲ့ကလည်း အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် ၂၀၀၀၀ တို့ကို စုစည်းဖြန့်ကြက်ထားသည်။

ပြန်လည်ညှိနှိုင်း

တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်၏အစိုးရက အမေရိကန်မှ အမဲသားများကို အကန့်အသတ်မရှိ တောင်ကိုရီးယားဈေးကွက်သို့ ဖွင့်ပေးမည့်သဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းရန် ဖော်ပြပါ ဆန္ဒပြပွဲကို ကျင်းပခြင်းဖြစ်သည်။

ဆန္ဒပြသူများက အမေရိကန်သံရုံးနှင့် ဆိုးလ်မြို့လယ်ရှိ သမ္မတရုံးသို့ ဦးတည်ချီတက်သွားကြသည်။

လ ၃၀ အောက် အရွယ်ရှိသည့် နွားများမှ အမဲသားကိုသာ အမေရိကန်မှ ဝယ်ယူတင်သွင်းမည်ဟု တောင်ကိုရီးယားသမ္မတက ထပ်တလဲလဲ ဖော်ပြခဲ့ပြီး ယင်းကိစ္စအပေါ် အမေရိကန်က ပူးပေါင်းဆောင်ရွက်ရန် သမ္မတဘုရှ်ထံသို့ တယ်လီဖုန်းဆက်၍ ပြောကြားခဲ့သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် နယ်စပ်ဒေသတွင် အမေရိကန်နှင့် အပေါင်းပါတပ်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား ပက်ရှဝါ ဆေးရုံသို့ သယ်လာသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးက အီရန်အား တိုက်ခိုက်ပါက အထိနာစေမည့် တုံ့ပြန်မှုပြုလုပ်မည်ဟု အီရန် သတိပေး

တီဟီရန် ဇွန် ၁၁

နျူကလီးယား အငြင်းပွားမှု ပြဿနာနှင့်ပတ်သက်ပြီး အစ္စရေးက စစ်ရေးအရ အီရန်အား တိုက်ခိုက်ခဲ့ပါက အလွန်တရာ အထိနာသည့် တုံ့ပြန်မှုမျိုးဖြင့် ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး မော့စတာ ဖာမိုဟာမက်နက်ဂျားက ပြောကြားသည်။

အီရန်က အဏုမြူဗုံး လုပ်ကိုင်နိုင်သည့်နည်းပညာကို ရပ်ဆိုင်းမှုမရှိဘဲ ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို လိုက်နာရန် ပျက်ကွက်ခဲ့ပါက အီရန်အား တိုက်ခိုက်မည့်ကိစ္စသည် ရှောင်လွှဲမရဖြစ်မည်ဟု အစ္စရေး သယ်ယူပို့ဆောင်ရေးဝန်ကြီး ရှောမို ဖက်ဇ်က အစ္စရေးသတင်းစာသို့ သောကြာနေ့က ပြောကြားသည်။

မည်သူမဆို အီရန်အား တိုက်ခိုက်လိုသည့် သဘောထားမျိုးရှိပါက အီရန်၏ တုံ့ပြန်မှုသည် အထိနာနိုင်ပြီး မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် အဆိုပါ တိုက်ခိုက်မှုအတွက် အဆင်သင့် အနေအထားတွင် ရှိနေသည်ဟု နက်ဂျားက အစ္စရေးဝန်ကြီး၏ ဝေဖန်ချက်ကို ရည်ညွှန်းပြောကြားသည်။

ပြောကြား

အစ္စရေးတာဝန်ရှိပုဂ္ဂိုလ်များသည် အခါအားလျော်စွာ ယင်းကဲ့သို့ အဓိပ္ပာယ်မဲ့သည့် ဝေဖန်ချက်မျိုးကို ပြောကြားသည်ဟု အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိုဘားမား၏ ဒုတိယသမ္မတအဖြစ် ၂၀ခန့် လျာထား

ဝါရှင်တန် ဇွန် ၁၂

ဒီမိုကရက်တစ်ပါတီ၏ ဒုတိယသမ္မတလောင်း ဘာရက်အိုဘားမားနှင့်အတူ အမေရိကန်သမ္မတရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဒုတိယသမ္မတအဖြစ် အလားအလာရှိသူ ဦးရေ ၂၀ ခန့်ကို လျာထားပြီးဖြစ်ကြောင်း အထက်လွှတ်တော် အမတ်တစ်ဦးကအင်္ဂါနေ့တွင်ပြောကြားသည်။

မြောက်ဒါကိုတာပြည်နယ်အထက်လွှတ်တော်အမတ် ကင်ကွန်ရတ်က အဆိုပါ လျာထားစာရင်းတွင် လက်ရှိထိပ်တန်းတာဝန်ရှိသူများ၊ လွှတ်တော်အမတ်ဟောင်းများနှင့် ထိပ်တန်းစစ်ဘက်ဆိုင်ရာ အရာရှိဟောင်းများ ပါဝင်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ကွန်ရက်တွင် အိုဘားမား၏ ဒုတိယသမ္မတ စိစစ်ရေး သုံးဦးအဖွဲ့၏ အစည်းအဝေးသို့ ကွန်ရက်က တက်ရောက်ခဲ့ပြီးနောက် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ရွေးချယ်ရေးနည်းလမ်းကို လျှို့ဝှက်ထားဆဲ ဖြစ်သဖြင့် လျာထားရာတွင် ပါဝင်သူများ၏ အမည်ကို ၎င်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ထိုစိစစ်ရေးသုံးဦးအဖွဲ့တွင် ကာရိုလင်းကနေဒီ၊ဒုတိယရှေ့နေချုပ်ဟောင်း အီရစ်ဟိုလ်ဒါးနှင့် ငွေချေးသောကုမ္ပဏီ မန်းနီးမေ့၏ အမှုဆောင်အရာရှိ ချုပ်ဟောင်း ဂျင်ဂျွန်ဆင်တို့ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင် ရုပ်မြင်သံကြားအဖွဲ့ သူပုန်များက ဖမ်းဆီး

မနီလာ ဇွန် ၁၁

ဖိလစ်ပိုင်ရုပ်မြင်သံကြား သတင်းထောက်တစ်ဦးနှင့် ရိုက်ကူးရေးသမားနှစ်ဦးကို ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ လက်နက်ကိုင်သူပုန်တစ်စုက ဖမ်းဆီးသွားသည်ဟု ပြည်တွင်းသတင်းဌာနများက အင်္ဂါနေ့တွင် ဖော်ပြသည်။

အေဘီအက်(စ်)-စီဘီအန် သတင်းထုတ်လွှင့်ရေး ကော်ပိုရေးရှင်းက သတင်းထောက်စက်(စ်)ဒရိုင်လွန်နှင့် ဓာတ်ပုံသမားနှစ်ဦးသည် ဆူလူပြည်နယ်တွင် ပျောက်ဆုံးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ဆူလူပြည်နယ်မြို့တော် ဂျိုလို၌ အေဘီအက်(စ်)-စီဘီအန် ရုပ်မြင်သံကြားအဖွဲ့ကို အဘူဆေယက်(ဖ်) သူပုန်အဖွဲ့မှ လက်နက်ကိုင်များက ကြားဖြတ် ဖမ်းဆီးခေါ်သွားကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦး၏ ပြောကြားချက်ကို ဖိလစ်ပိုင်ဒေလီ အင်ကွိုရီယာ၏ အွန်လိုင်းပေါ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရှေးအကျဆုံး ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဂျော်ဒန်နိုင်ငံတွင် တူးဖော်တွေ့ရှိ

အမ္မန် ဇွန် ၁၁

ဂျော်ဒန်နိုင်ငံမြောက်ပိုင်း မက်ဖရက်ဒေသ ရီဟက်မြို့တွင် လိုဏ်ဂူအောက်ခြေမှ စိန့်ဂျီအိုရက်ဂျီရက်စ်ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် ၎င်းသည် ရှေးအကျဆုံး ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ခု ဖြစ်နိုင်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

မိမိတို့အနေဖြင့် အဆိုပါ ဘုရားကျောင်းမှာ အေဒီ ၃၃ မှ အေဒီ ၇၀ အတွင်း တည်ရှိခဲ့သော ကမ္ဘာပေါ်၌ ပထမဆုံး ဘုရားရှိခိုးကျောင်းအဖြစ် အခိုင်အမာပြသရန်ဖော်ထုတ်သွားမည်ဟု ရီဟက်စင်တာ၏ အုပ်ချုပ်ရေးမှူးဖြစ်သူ ရှေးဟောင်းသုတေသနပညာရှင် အက်ဒိုကွေဒါဟူဆန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါရှာဖွေတွေ့ရှိမှုသည် ဂျူးလူမျိုးခရစ်ယာန်ဘာသာဝင် ၇၀ တို့ တည်ဆောက်ခဲ့သောရှေးအကျဆုံး ခရစ်ယာန်ဘုရားရှိခိုးကျောင်း အဖြစ် ယုံကြည်စေခဲ့သည့်အပြင် တအံ့တသြဖြစ်စေခဲ့ကြောင်း ကျောင်းသားတစ်ဦးက ပြောကြားသည်။

အဆိုပါ ဘုရားရှိခိုးကျောင်း ကြမ်းပြင်တွင် မှန်စီရွှေချ ကျောက်စာပေါ်၌ 'ဘုရားသခင်ကို ချစ်မြတ်နိုးသူ ၇၀' ဟုရေးထိုးထားပြီး ၎င်းတို့သည် ဂျေရုဆလင်မှ ဂျော်ဒန် နိုင်ငံမြောက်ပိုင်း အထူးသဖြင့် ရီဟက်သို့ ထွက်ပြေးလာသူများ ဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ ဂရိနိုင်ငံ ရှေးရိုးခရစ်ယာန်အသင်းတော်ဆိုင်ရာ အာစီမန်ဒါရိုက်နက်က တေးရီယက်နယ်မြေ၏ ခရိုင်ကိုယ်စားလှယ် ဘုန်းတော်ကြီးက အဆိုပါ လိုဏ်ဂူကို ရှာဖွေတွေ့ရှိခြင်းသည် ကမ္ဘာအနှံ့ရှိ ခရစ်ယာန် ဘာသာဝင်များအတွက် အရေးပါသောသမိုင်း မှတ်တိုင် တစ်ခုပင် ဖြစ်ကြောင်း ပြောကြားသည်။

ဂရိနိုင်ငံ တက်စ်စလိုနီကာတွင် ကမ္ဘာပေါ်၌ ပုံသဏ္ဌာန်နှင့် အနေအထားတူညီသော အခြားလိုဏ်ဂူများ ရှိကြောင်း ၎င်းက အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။ မြို့ပြသမိုင်း ဌာနမှ ဟူဆန်က ပြောကြားရာတွင် လူ ၇၀ တို့သည် ၎င်းတို့၏ ရိုးရာဓလေ့ကို အဆိုပါ မြေကြီးအောက်ရှိ ဘုရားရှိခိုးကျောင်းတွင် လျှို့ဝှက်စွာ နေထိုင်လျက် ထိန်းသိမ်းခဲ့ကြဟန်တူကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံနယူးယောက်မြို့၌ မိုးကြိုးလျှပ်စီးကြောင်း စီးဆင်းသွားသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗန်ကောက်မြို့ တိုက်ခန်း၌ မီးလောင်မှုဖြစ်ပွား၊ မိသားစုသုံးဦး သေဆုံး

ဗန်ကောက် ဇွန် ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ ကွန်ဒိုမီနီယံအဆောက်အအုံ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက မီးလောင်မှုတစ်ခုဖြစ်ပွားရာ မိသားစုတစ်စုမှ သုံးဦးသေဆုံးကြောင်း ပြည်တွင်းမီဒီယာက ဖော်ပြသည်။

ဗန်ကောက်မြို့ ဆမ်ပင်တာဝမ်ခရိုင် ချာဂိုအင်ကရန်လမ်းရှိ ၃၁ ထပ် မြင့်သော ဆီဖရာယာရီဗာဗျူး ကွမ်ဒိုမီနီယံ အဆောက်အအုံ၏ ၂၄ ထပ်တွင် ဇွန် ၁၀ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မိနစ် ၄၀ ခန့်အကြာ မီးငြိမ်းသတ်ပြီးနောက် သေဆုံးနေသူနှစ်ဦးကို မီးလောင်မှုဖြစ်ပွားရာ တိုက်ခန်းအတွင်း၌ ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းအဆောက်အအုံ ခြောက်ထပ်ရှိ ရေကူးကန်အနီးတွင် သေဆုံးသူတစ်ဦးကို တွေ့ရှိသည်။ ၎င်းသည် မီးလောင်မှုဖြစ်ပွားသည့် တိုက်ခန်းပိုင်ရှင်ဖြစ်ပြီး ရေကူးကန်အတွင်းသို့ ပြတင်းပေါက်မှ ခုန်ချခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ၎င်း၏ ဇနီးနှင့်သားမှာ တိုက်ခန်းအတွင်း၌ သေဆုံးနေသည်။ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာဆရာတော် ဦးသုမင်္ဂလ(မိဂဒါဝုန်) မန္တလေး၏ ဝါဆိုဦးအကြိုအထူးတရားပွဲဖိတ်ကြားလွှာ

မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာဆရာတော် ဦးသုမင်္ဂလအရှင်သူမြတ်မှ ဝိပဿနာအလုပ်ပေးတရားတော်များကို ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားမည် ဖြစ်ပါသောကြောင့် တရားလိုလားဓမ္မမိတ်ဆွေအပေါင်းတို့အား အောက်ပါအစီအစဉ်အတိုင်း တရားအလှူခံကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

(ညစဉ် ၇ နာရီ တိတိတွင် တရားပွဲစတင်ကျင်းပပါမည်။)

နေ့ရက်	နေရာ
၁။ ၁၃-၆-၂၀၀၈ မှ ၁၅-၆-၂၀၀၈ ထိ	ဇေယျဝတီ ပရိယတ္တိစာသင်တိုက်၊ ဘူတာရုံလမ်း၊(၆)ရပ်ကွက်၊ လှိုင်မြို့နယ်
၂။ ၁၆-၆-၂၀၀၈ မှ ၁၇-၆-၂၀၀၈ ထိ	သာသနဟိတဓမ္မာရုံ၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
၃။ ၁၈-၆-၂၀၀၈ မှ ၁၉-၆-၂၀၀၈ ထိ	ဝိဇယဓမ္မာရုံ၊ ဝေပုလ္လလမ်း၊ (ဃ)ရပ်ကွက် မ/ဥက္ကလာပမြို့နယ်
၄။ ၂၁-၆-၂၀၀၈ မှ ၂၂-၆-၂၀၀၈ ထိ	ဆရာစံရပ်ကွက်လုံးဆိုင်ရာနှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၊ ဦးချစ်မောင်လမ်း၊ ဗဟန်း

Central Link

ပြောတာကိုနားလည်တယ်။ ပြောမထွက်တာ လေ့ကျင့်မှုနည်းလို့
ပြောချင်တယ် မပြောရဲတာက ယုံကြည်မှုနည်းလို့

အင်္ဂလိပ်၊ တရုတ် စကားပြော နှင့် လေ့ကျင့်သင်တန်း၊

တက်သင့်သူများ ➤ ၁၀ တန်းအောင်ပြီးသူများ၊ နိုင်ငံခြားသွားမည့်သူများ၊ လုပ်ငန်းခွင်ဝင်မည့်သူများ။

Grammar သီးသန့်ရှိသည်။ **တန်းခွဲသစ်များ ဖွင့်ပြီ**

၁၀၆၊ ဦးချစ်မောင်လမ်း၊ (မင်းလမ်းနှင့်ရွှေဂုံတိုင်ကြား၊ ရန်ကင်းစင်တာအနီး)
ဖုန်း - ၅၅၅၉၀၃၊ ၀၉-၅၀၄၂၈၀၅၊ ၀၉-၅၁၈၈၉၈၇

ASIA MASTERS

Learning, Training & Manpower Resources

သင်ယူရေး လေ့ကျင့်ရေး နှင့် အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှု

သင်တန်းသားများခေါ်ယူခြင်း

အပတ်စဉ် -- ၂

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) နှင့် ADAM University မှ စိစစ်မည့် Certificates (၂) မျိုးရရှိနိုင်သည့် 'ဟိုတယ်ဝန်ဆောင်မှုသင်တန်း'များ အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ရန်ရှိပါသည်။

- သင်တန်းအမျိုးအစားများ -- (က) ဧည့်ကြိုဝန်ထမ်း
  (ခ) အစားအစာနှင့် အဖျော်ယမကာ တည်ခင်းဧည့်ခံခြင်း
  (ဂ) အိပ်ခန်းဆောင်ထိန်းသိမ်းခြင်း
  (ဃ) စားဖိုမှူးသင်တန်း
- သင်တန်းကာလ-- ၂ လ (နာရီ ၉၀)
- Certificate -စာမေးပွဲဖြေရမည်။ ကျောင်းခေါ်ချိန်မှန်ရမည်။ မြန်မာနိုင်ငံရှိ 3-4 Stars Hotel များတွင် On Job Training ဆင်းရမည်။
- သင်ရိုးညွှန်းတမ်း-- အာဆီယံနိုင်ငံများနှင့် ယူအက်စ်၊ ကာတာနိုင်ငံတို့ရှိ 5-7 Stars Hotel များမှ လက်ခံသည့် သင်ရိုးညွှန်းတမ်းကို အသုံးပြုသည်။
- သင်တန်းသားဦးရေ-- သင်တန်းတစ်ခုလျှင် (၃၀) ဦးစီသာ လက်ခံမည်။
- သင်ကြားမှုအစီအစဉ်-- နိုင်ငံတကာဟိုတယ်လုပ်ငန်းတွင် အတွေ့အကြုံရှိဆရာများ၊ အဆင့်မြင့်စာသင်ခန်းများ၊ Audio- Visual Aid များ၊ ယူနီဖောင်းအတွက် အကျီလက်ရှည်အဖြူနှင့် ဘောင်းဘီရှည်ထုတ်ပေးမည်။
- ဝန်ဆောင်မှု-- သင်တန်းပြီးဆုံးသူများအတွက် အလုပ်အကိုင်ရှာဖွေပေးသည်။
- စတင်ဖွင့်လှစ်မည့်ရက်-- ဇွန် ၁၆ ရက် (ကျောင်းအပ်လက်ခံပြီ)

၂၇၇၊ Asia Plaza Hotel (မြေညီထပ်)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
HOTLINE ☎ 379311

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းမြင့် (ဦးထွန်းမြင့်ကုန်မာပစ္စည်းရောင်းဝယ်ရေး)-
ဒေါ်သန်းအေး တို့၏ သား

ဗိုလ်ကြီးရဲဘုန်းမြင့် B.Sc(D.S.A), M.A(English)

နှင့်

ပြင်ဦးလွင်မြို့နေ (ဦးဝင်းရှိန်)-ဒေါ်စောလှ တို့၏ သမီး

ဒေါက်တာကြေးမုံဝင်း M.B.,B.S (Mdy)

(အလုပ်သင်ဆရာဝန်၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၇-၆-၂၀၀၈ ရက်တွင် ပြင်ဦးလွင်မြို့ Royal Diamond မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး ဒေါ်ခင်နှင်းဝေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်လေးမြင့်တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသော စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် ဇနီး ဒေါ်သူဇာဝေ၊ ပြင်ဦးလွင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် ဇနီး ဒေါက်တာဒေါ်အေးအေးထွန်း (ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)တို့အား လည်းကောင်း၊ စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုညိုလတ်နှင့် အထူးကုဆရာဝန်ကြီးများအား လည်းကောင်း၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များ ပေးပို့ကြသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ကိုအောင်ဝင်း (လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးတင်ဝင်း၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲဘုန်းမြင့်-ဒေါက်တာကြေးမုံဝင်း

အောင်မြင်လိုသူတို့၏ ဆုံစည်းရာ ငြိမ်း အဝေးသင်

ဇွန် တန်းခွဲများဖွင့်ပါပြီ ပထမနှစ် ဒုတိယနှစ် တတိယနှစ်

အတန်းစုံ၊ ဘာသာစုံ၊ မေဂျာစုံ

NYEIN CENTER ■ အမှတ် ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၂၄၈၆၂၁
NYEIN လှည်းတန်း ■ အမှတ် ၂၃၊ အခန်း B-4၊ အေးငြိမ်းသာအထူးကုဆေးခန်း၊ အပေါ်ထပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

CORNERSTONE

School of English

No.	Class	Day	Starting Date
1.	Regular Classes for young Learners	Sat/Sun	7th June
2.	Regular Classes for teenagers	Sat/Sun	7th June
3.	Communicative English for adults (i) Elementary (ii) Pre-intermediate (iii) Conversation (iv) Business English	Sat/Sun	5th July

Address : Building (C), No.(104), Hiway Complex, Narnataw Road, Kamayut Tsp. Yangon. Ph : 728213, 09502-5559

CORNERSTONE

School of English



- Learning-by-doing နည်းဖြင့်သင်ကြားခြင်း။
- ကလေးများ၏ ကိုယ်၊ စိတ်နှင့် ဘက်စုံဖွံ့ဖြိုးမှုကို အလေးထားသင်ကြားခြင်း။
- ပျော်ရွှင်စရာ ဖတ်ရှုကောင်းပြီး စာသင်ကြားလိုစိတ်ရှိသော ကလေးများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်း။
- မူလတန်းတွင် လိုအပ်သော အခြေခံကောင်းများကို အသက်အရွယ်အလိုက် စနစ်တကျ သင်ကြားပေးခြင်း။
- နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြင့်စနစ်တကျသင်ကြားခြင်း။

Starting Date - June 19 School Bus Available

Address : Building (C), No.(104), Hiway Complex, Narnataw Road, Kamayut Tsp. Yangon. Ph : 728213, 09502-5559

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	T(1)/MS/08-09	Motor Driven Air Compressor	1 Set
2.	T(2)/MS/08-09	High Pressure Water Jet	1 Lot
3.	T(3)/MS/08-09	AC Arc Welding Machine	45 Nos
4.	T(4)/MS/08-09	DC Arc Welding Machine	5 Nos
5.	T(5)/MS/08-09	Protable Ventilation Blower	1 Lot

တင်ဒါပိတ်ရက်နှင့် အချိန်- ၁၁-၇-၂၀၀၈(၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈-၆-၂၀၀၈)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လက်ထောက်အထွေထွေမန်နေဂျာ(ပစ္စည်း) ပစ္စည်းဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဆင်မလိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၃၆၅၂၁၊ ၅၃၆၁၁၆ (လိုင်းခွဲ-၂၀)၊ ၅၃၆၁၅၈ (လိုင်းခွဲ-၂၀)။

"လေဘေးလှူဒါန်းမှု များအတွက်"

အောင်မေတ္တာစာရေးကိရိယာကုမ္ပဏီမှ အထူးအစီအစဉ် ဖြင့် ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးများအား လျှော့ဈေးဖြင့် ရောင်းချပေးပါမည်။ လှူဒါန်းမည့် စေတနာရှင်အသင်းအဖွဲ့များ အတွက်သာ ဖြစ်သည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် 3B ဓမ္မဒါနလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) ; 554914, 545530, 703500

ပြန်လည်ဆက်သွယ်ပါရန်

လစ္စတားကုမ္ပဏီသို့ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်း တင်ပြထားသော သင်္ဘောသားများနှင့် သင်္ဘောသား မိသားစုများအား ပံ့ပိုးမှုများပေးအပ်မည်ဖြစ်သဖြင့် အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကုမ္ပဏီသို့ ၁၆-၆-၂၀၀၈(တနင်္လာနေ့)မှစတင်၍ ပြန်လည်ဆက်သွယ်ကြပါရန်။

လစ္စတားအင်တာပရိုက်ကုမ္ပဏီလီမိတက်
ဖုန်း-၂၉၇၁၉၇၊ ၂၉၇၇၀၆၊ ၂၀၂၆၅၄

ဝင်ငွေယူမလား

ဝတ္ထုရုပ်ပြလကျော်အသစ် ၃၀၀ အုပ်ကို	၉၀,၀၀၀ ကျပ်
လကျိုးဖြင့်အဖုံးချုပ်ပြီး ၃၀၀ အုပ်ကို	၁၀၇,၀၀၀ ကျပ်
ဝတ္ထုရုပ်ပြလကျော်အသစ် ၄၀၀ အုပ်ကို	၁၁၀,၀၀၀ ကျပ်
လကျိုးဖြင့်အဖုံးချုပ်ပြီး ၄၀၀ အုပ်ကို	၁၃၄,၀၀၀ ကျပ်

ငွေကို ဘဏ်မှပို့ပေးပါက စရိတ်ငြိမ်းပို့ပေးပါသည်။
ရွှေပဒေသာဦးရွှေဉစာပေ
အမှတ် (၂၂၁)၊ ပထမထပ်၊ ၃၁ (အထက်လမ်း) ရန်ကုန်မြို့။
ဖုန်း-၃၈၄၉၂၂၇၊ ၀၉၅၁ ၂၇၁၉၅ (အိမ်) ၂၀၁၆၃၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် -ရွှေပေါက်ကံ စက်မှု မြေတိုင်းရပ်ကွက်အမှတ်-၁၉/၁၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ် (၃၃၉) ဧရိယာ ၀. ၂၃၀ ဧကနှင့် မြေကွက်အမှတ် (၃၄၀)ဧရိယာ ၀. ၂၃၀ ဧကအကျယ်အဝန်းရှိ January Co.,Ltd. အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စက်ရုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမိုးကျော်သူ [၁၂/ဥကတ(နိုင်)၁၁၃၇၃၃] (SGN - ၀၅၀၅၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကန့်ကွက်လိုသူရှိပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေဝင်း[၁၂/ဥကတ(နိုင်)၀၅၅၇၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (LL.B)
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၇၇၃)

ဒေါ်သန္တာစိုး	ဒေါ်လွင်မာ	ဒေါ်လှတင်
(စဉ်-၂၄၀၄၆)	(စဉ်-၂၅၆၃၈)	(စဉ်-၂၇၅၃၀)

အထက်တန်းရှေ့နေများ
အမှတ်(၅၅)၊ တတိယထပ်၊ အခန်း-၇ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

JOB VACANCY

(local service only)

Interested Applicants, please submit C.V with labour registration card, recent photo within 1 week from this announcement to Y.I.E.C (Yangon International Educare Centre), No.(W-22), Myakanthar Road , Myakanthar Housing, Hlaing T/S , Yangon. Monday to Friday (9:00 am to 11:00 am)

1. General Manager — 1 Post
   - Male (or) Female, Any Graduate, MBA
2. Admin Manager — 1 Post
   - Male (or) Female ,Any Graduate, MBA
3. Assistant Secretary — 1 Post
   - Female, Graduate (Bachelor Degree or Higher),
4. Accountant — 2 Post
   - Female, B.Com, M.Com, C.P.A,
5. Receptionist — 2 Post
   B.A (English)
6. Driver — 3 Post
   - Male, Any Graduate, Under 40 years

All the above jobs must have good experience and fluent in speaking.

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။